မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အခြေခံဥပဒေမူကြမ်းသည် လူတစ်ဦးတစ်ယောက်၊ ပါတီတစ်ဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက်မဟုတ်

နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံးအကျိုးစီးပွားကိုဖော်ဆောင်ပေးရန်ဖြစ်

မည်သည့်အဖျက်အဆီး၊ အနှောင့်အယှက်များကိုမှ နားမယောင်ဘဲ မျိုးချစ်စိတ်ဖြင့်ပါဝင်ပူးပေါင်း

နေပြည်တော် ဧပြီ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်များဖြင့် ကရင်ပြည်နယ် ဘားအံမြို့သို့ ထွက်ခွာရာ နံနက် ၉နာရီ ၄၅မိနစ်တွင် ဘားအံမြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ဘားအံတပ်နယ်မှ ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ဘားအံမြို့ ခွဲကပင်ခန်းမ၌ ကရင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်က ပြည်နယ်၏ဖွဲ့စည်းမှု၊ မြေအသုံးချမှု၊ ဆန်စပါး၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးပြီးစီးမှု၊ ၂၀၀၇-၂၀၀၈ခုနှစ် ဆန်၊ ဆီဖူလုံမှု၊ ငါး၊ ပုစွန်၊ ကြက်မွေးမြူရေး၊ မြစ်ရေတင်စီမံကိန်းများ၊ လမ်းများ၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်သောက်သုံးရေ ရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေနှင့် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❖

လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ခုတင်(၂၀၀)ဆံ့ ဘားအံပြည်သူ့ဆေးရုံ ဆေးပဒေသာပင် အလှူငွေနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ကော့ကရိတ်မြို့နယ်ခန်းမ၌ ကော့ကရိတ်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဧပြီ ၆ ရက်)

ပြည်သူများ ရောဂါဘယကင်းဝေးရေး သဘာဝအစားအစာများ စားသုံး

နိုင်ငံတော်က တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးအတွက် နိုင်ငံနှင့်အဝန်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ပေးလျက်ရှိသည်။

ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများဖြန့်ဝေခြင်း၊ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခြင်းတို့ဖြင့် အသိပညာပေးလျက်ရှိသည်။ ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အလေးထားကြရမည့် လိုအပ်ချက်ဖြစ်ရာ ကျန်းမာရေးပညာပေးမှု အစီအမံများကို ဂရုပြုလိုက်နာကြပြီး စနစ်တကျ နေထိုင်စားသုံးရန် လိုအပ်သည်။

သဘာဝကရရှိသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများသည် ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်မှုကို ဖြည့်ဆည်းပေးသည့်အပြင် သွေးအားကောင်းစေပြီး ကိုလက်စထရောကျဆင်းမှုကို အထောက်အကူပြုသည်။ အဆိုပါ အစားအစာများမှရရှိသော ဗီတာမင်များ၊ သတ္တုဓာတ်များသည် ဓာတ်တိုးကာကွယ်နိုင်သော အာနိသင်အပြည့်အဝပေးနိုင်သည့်အပြင် ဘေးထွက် ဆိုးကျိုးလည်းမရှိချေ။

ခန္ဓာကိုယ်အတွင်းရှိ ဓာတ်တိုးပစ္စည်းများသည် ရောဂါပိုးများကို တိုက်ဖျက်နိုင်ပြီး သွေးလည်ပတ်မှု မှန်ကန်ကောင်းမွန်စေသည်။ ဓာတ်တိုးပစ္စည်းများ ပုံမှန်ထက်ပို၍ထွက်ရှိပါက ဆဲလ်အတွင်းရှိ DNA ကို ပျက်စီးစေသည့်အပြင် သွေးတိုး၊ နှလုံး၊ ဆီးချို၊ အဆစ်အမြစ်ရောင်၊ သတိမေ့လျော့မှုနှင့် ကင်ဆာရောဂါအမျိုးမျိုးတို့ ဖြစ်စေကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများသည် လူတို့၏ ကျန်းမာရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိသဖြင့် အလေးထား စားသုံးလာကြရမည်ဖြစ်သည်။

အစာလည်းဆေး ဆေးလည်းအစာ ဆိုစကားနှင့်အညီ ကျန်းမာရေးအတွက် သင့်တင့်လျောက်ပတ်သည့် အစားအစာများကို မျှတစွာ စားသုံးကြရန်လည်း လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတို့ အသက်ရှည်ကျန်းမာကြံ့ခိုင်စွာ နေထိုင်နိုင်ရေးအတွက် သဘာဝမှရရှိသော သန့်ရှင်းလတ်ဆတ်သည့် အစားအစာမျိုးစုံကို စနစ်တကျ မျှမျှတတစားသုံးကြခြင်းဖြင့် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ ရောဂါဘယ ကင်းဝေးကြပြီး ကျန်းမာခြင်းသုခကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်(၃) အမှတ် ၃ လမ်းမကြီး အမှတ်၁၅၆နေ ဦးမြင့်စိုး-ဒေါ်မြင့်မြင့်စွမ် (စွမ်းဆောက်လုပ်ရေး)မိသားစုက ရေဆေးတစ်ဂါလန်ပုံးနှစ်ပုံး တန်ဖိုးငွေကျပ် တစ်သိန်းနှင့် ငွေသားကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်းနှင့် ဦးဟံညွန့်တို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (၇၁)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (၇၁)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ စုပေါင်းခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်က ချီးမြှင့်သော စီမံထူးချွန်(တတိယဆင့်)ရရှိသူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များက ဝန်ထမ်းကျင့်ဝတ်စာမေးပွဲတွင် ဆုရရှိသူများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များ၌ ဖွင့်လှစ်သည့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများနှင့် ဝန်ထမ်းမိသားစုများ၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (၇၁)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။ (အောက်ပုံ) (သတင်းစဉ်)

မိတ္ထီလာဆရာတော် သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၅

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်းနယ် ကျောင်းပဓာနနာယကအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယမိတ္ထီလာဆရာတော် ဘဒ္ဒန္တပညာစာရအရှင်သူမြတ်သည် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ် (၁၂၉)၏ သင်္ကြန်အထူးတရားစခန်းအဖြစ် ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည့်တရားစခန်းပွဲနှင့် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် သဲကုန်းကျေးရွာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ သင်္ကြန်တရားပွဲများ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ ဆရာတော်၏ နိဗ္ဗာန်သွားလမ်းပြဝိပဿနာစာအုပ်ကို အမြို့မြို့ဆိုင်တိုင်းတွင် ပူဇော်နိုင်ကြောင်းသိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၆-၄-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသင်္ကြန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ် ချိုနားဝင်
၄း၃၀	၆။	မြန်မာသင်္ကြန်
၄း၄၅	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မြန်မာသင်္ကြန်
၆း၃၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၃။	အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၅၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ကျန်းမာသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**FA Cup ဘောလုံးပွဲ ဘန်စလေ-ကာဒစ်**

သွေးဆေးကန်ဆရာတော် အထူးတရားစခန်းပွဲများ

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်နာယက ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ သာသနာပြု သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ B.Sc(Phy) သည် မေ ၃ရက်မှ ၉ရက်အထိ ကျောက်မဲမြို့ အဖွဲ့ခွဲအမှတ် ၆၈ ဈေးခမ္မာရုံ၊ ၁၁ရက်မှ ၂၀ရက်အထိ နမ္မတူမြို့ ပုဗ္ဗာရုံကျောင်း ပန်ဟိုက်ရပ်ကွက်၊ ၂၃ရက်မှ ၃၀ရက်အထိ သီပေါမြို့ ရွှေကျောင်း ပဋ္ဌိပတ္တိဓမ္မရိပ်သာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားအားထုတ်နိုင်ရန် အကျိုးဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ၂၀၆ ဆိပ်ကမ်းသာလမ်း ရန်ကုန်မြို့နေ နှစ်ဖက်မိဘများ ဖြစ်ကြသော ဦးစိန်ကြိုင်-ဒေါ်ခင်ခင်၊ ဦးဟုတ်ချွန်-ဒေါ်လှကြည်၊ အစ်မ ဒေါ်နွဲ့ဝင်း၊ မောင်လေး ဦးသန်းထွင်တို့အားရည်စူး၍ ဒုတိယဗိုလ်မှူးကြီး စိုးငွေး(ရေ၊ ငြိမ်း)-ဒေါ်သန်းဝင်း၊ သားသမီး၊ မြေးများက ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



အနာဂတ်နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး မူဝါဒလမ်းစဉ် (၇)ရပ်မှတစ်ပါး အခြားမရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်လုပ်ငန်းဖြစ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးအောင်မြင်ရေး ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲဆောင်ရွက်

ရန်ကုန် ဧပြီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ် (၁၄)နှင့် နိုင်ငံတကာဆက်ဆံရေး သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ယုံကြည်လက်ခံ

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကို ချစ်သည့် နိုင်ငံသားအားလုံး၏ တူညီသောဆန္ဒသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ တည်သရွေ့တည်တံ့စေရန်၊ ထာဝစဉ်ငြိမ်းချမ်းသာယာမှုရှိစေရန်၊ နိုင်ငံတကာနှင့်ရင်ပေါင် တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေ ရေးသည် နိုင်ငံသားအားလုံး တညီတညွတ်တည်း ယုံကြည်လက်ခံထားကြသည့် အမျိုးသား ရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း။

အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်က ခံယူကျင့်သုံးနေသည့် 'ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး' ဆိုသော ဒို့တာဝန် အရေးသုံးပါးသည် နိုင်ငံတော်၏ သမိုင်းစဉ်တစ်လျှောက် ဖြစ်ပေါ်ပြောင်းလဲနေသည့် ပကတိ အခြေအနေများအရ မည်သူကမှ မငြင်းနိုင်သောအမျိုးသားရေးမူဝါဒများဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်သစ်ကြီးကို ပုံဖော်တည်ဆောက်ရာတွင် ချမှတ် ကျင့်သုံးနေသည့် နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်း(၁၂)ရပ်သည်လည်း ပကတိအခြေအနေနှင့်ကိုက်ညီသည့် လက်တွေ့ကျသော နည်းလမ်းများဖြစ်ကြောင်း။

ကိုက်ညီဆီလျော်

မိမိနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက် ဖြစ်ပေါ်ပြောင်းလဲမှု ကောင်းကျိုး ဆိုးပြစ်များကို နိုင်ငံတော်အတွင်း၌ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသည့် နိုင်ငံသားများကသာ အသိဆုံး ဖြစ်ကြောင်း၊ နိုင်ငံသားအားလုံးသည် မိမိတို့မှီတင်းနေထိုင်ကြသည့် အမိနိုင်ငံတော်ကြီးနှင့် မိမိတို့ကိုယ်တိုင်ပါဝင်သော တိုင်းရင်းသားပြည်သူများ၏အကျိုးကို အလိုလားဆုံး ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့ ပကတိအခြေအနေနှင့် ကိုက်ညီဆီလျော်မှုရှိသည့် ကိုယ်ပိုင်မူဝါဒ၊ လမ်းစဉ်များနှင့် မိမိတို့နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြစမြဲ ဖြစ်ကြောင်း။

မျက်မှောက်ကာလသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ပြည်သူ အားလုံး၏ ဆန္ဒအတိုင်း မှန်မြတ်မှန်ကန်သည့် အမျိုးသားရေးမူဝါဒ၊ ပကတိအခြေအနေနှင့် ကိုက်ညီမှုရှိပြီး လက်တွေ့ကျသောလုပ်ငန်းစဉ်များဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင် အထည်ဖော် ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ ပြည်တွင်းက စစ်မှန်သည့် အားများဖြစ်ကြသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်နေသည့် ကာလဖြစ်ကြောင်း၊နိုင်ငံတော်သစ်ကြီး ထူထောင် အကောင်အထည်ဖော်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်ကြသည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာ တောင့်တင်းရေး၊ အမျိုးသားပညာရည် မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ရင်း ပြည်သူများလိုလားသော စနစ်သစ်၊ ခေတ်သစ်ကို ညင်သာစွာ ပြောင်းလဲတည်ဆောက် ပေးနေသည့် ကာလဖြစ်ကြောင်း။

ပိုမိုတိုးတက်

မိမိတို့အားလုံးသည် နိုင်ငံတော်၏ နေရာဒေသအနှံ့အပြား၌ နေထိုင်ကြသည့် ပြည်သူများထဲက ပြည်သူများဖြစ်ကြကြောင်း၊ နိုင်ငံတော်၏ ပကတိ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှု အခြေအနေများကို ပြည်သူတွေနှင့်အတူ သိမြင်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် မှန်ကန်သည့်လမ်းကြောင်းအတိုင်း နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် မည်သည့်ခေတ် မည်သည့်အခါကနှင့်မှ မတူသော တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်၏ ဒေသတိုင်း၌ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဆိုသည်ကို ပြည်သူများနှင့် အတူ ထိတွေ့ခံစားကြသူများဖြစ်ကြောင်း၊ လက်ရှိပြည်သူများ ခံစားနေကြရသည့် တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လျော့နည်းဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကာကွယ် ပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အနာဂတ် နိုင်ငံတော်သစ်ကြီးအတွက် ထိုက်သင့်သည့် အခြေခံကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ မိမိတို့အားလုံးတွင် ကြည်လင်ပြတ်သားသည့် အနာဂတ် ရှိနေပြီဖြစ်ပါကြောင်း၊ ကြိုးပမ်းဆောင်ရွက်မှုတိုင်းသည် အနာဂတ်နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ဦးတည်ရှေးရှုနေပြီ ဖြစ်ကြောင်း။

တိကျပြတ်သား

အနာဂတ်နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်မှတစ်ပါး အခြားမရှိဟု မိမိတို့အားလုံး ယုံကြည်ထားပြီး ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးက ကိုယ်စားလှယ်များ စုံညီစွာဖြင့် အောင်မြင်စွာ ကျင်းပ ပြီးစီးခဲ့ပြီဖြစ်သည့် အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သော အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကိုလည်း အောင်မြင်စွာ ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)ကို ၂၀၀၈ခုနှစ် မေလအတွင်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုရေးနှင့် ပဉ္စမအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲ ပြုလုပ်ပေးမည်ဖြစ်ကြောင်းကိုလည်း တိကျ ပြတ်သားစွာ ထုတ်ပြန်အသိပေးခဲ့ပြီးဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးသည် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အရေးပါသည့် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ တည်ဆဲ တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်အာဏာကို မူလပိုင်ရှင်အစစ်အမှန်ဖြစ်သည့် ပြည်သူ များထံ ပြန်လည်အပ်နှံရေးအတွက် မှန်မြတ်သော လမ်းခင်းပေးမှုဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုရေးသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အရေးပါသော လုပ်ငန်းစဉ်ကြီး ဖြစ်သည့်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး အောင်မြင်ရန် အသင်းဝင် အားလုံးက ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ကိုလည်း အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။

ကာကွယ်တားဆီး

လုပ်ဆောင်မှုတိုင်း၌ အခက်အခဲ၊ အတားအဆီးများ ရှိကြစမြဲဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရာတွင်လည်း အခက်အခဲ၊ ပြဿနာများရှိနေမည် ဖြစ်ကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲ ပြဿနာမှန်သမျှသည် နိုင်ငံတော်နှင့်ပြည်သူများက အောင်မြင်စွာ ဖြေရှင်းနိုင်သည့် ပြည်တွင်းရေးများပင်ဖြစ်ကြောင်း၊ တိုင်းတစ်ပါးက ဝင်ရောက် ဖြေရှင်းရန်မလိုသည့် ပြည်တွင်းရေးများပင် ဖြစ်ကြောင်း၊ အပြုသဘောဆောင် သည့် လုပ်ဆောင်မှုများအတွက် လက်ကမ်းကြိုဆိုရမည် ဖြစ်သော်လည်း ဘက်လိုက် စွက်ဖက်မှု မှန်သမျှကိုမူ နိုင်ငံတော်၏အကျိုးအတွက် ကာကွယ်တားဆီးကြရမည် ဖြစ်ကြောင်း၊ ပြည်သူအားလုံးသည် အမှားနှင့်အမှန် အပြုနှင့်အဖျက်၊ အကျိုးနှင့် အပြစ်ကို မှန်ကန်စွာ ခွဲခြားသိမြင်ကြသူများဖြစ်ကြကြောင်း၊ ပကတိ ဖြစ်ရပ်မှန်သမျှကို ပိုမို ကြည်လင်စွာ သိမြင်နိုင်စေရန်အတွက်လည်း အမှန်အတိုင်း ရှင်းလင်းပြောကြားရန် မှာကြားလိုကြောင်း၊ ပြည်သူများ အကျိုးအတွက် ဦးတည်ချမှတ်ထားသည့် ရှေ့လုပ်ငန်း စဉ်များအတိုင်း ပြည်သူများအကျိုးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရေးကိုလည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **သင်တန်းက ဆွေးနွေးပို့ချမှုများအပေါ် မိမိတို့၏ အတွေ့အကြုံနှင့် ပေါင်းစပ်ပြီး မိမိတို့၏နယ်မြေ၊ ပြည်သူများ၏အကျိုး ပိုမိုတိုးတက်အောင်ဆောင်ရွက် သွားကြပါ။**
- **နိုင်ငံတော်အတွင်း ပကတိ ဖြစ်ပေါ်တိုးတက်မှုအခြေနေများနှင့် အနာဂတ် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ပြည်သူများသိရှိနှာလည်ပြီး ဝိုင်းဝန်းပါဝင်ဆောင်ရွက် လာအောင် ကြိုးပမ်းသွားကြပါ။**
- **အနာဂတ်နိုင်ငံတော်သစ်ကြီး ပုံဖော်တည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ် သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် ၂၀၀၈ခုနှစ် မေလတွင် ပြည်သူတစ်ရပ်လုံးနှင့်အတူ အတည်ပြုနိုင်ရေး ဝိုင်းဝန်း ဆောင်ရွက် သွားကြပါ။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပါ အဆင့်တိုင်း အောင်မြင် ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ဟန့်တားနှောင့်ယှက်သော အဖျက် လုပ်ရပ် မှန်သမျှကို အသင်းကြီး၏ စည်းလုံးမှုအား၊ ပြည်သူ့စွမ်းအားဖြင့် တွန်းလှန်ကာကွယ်သွားကြပါ။**
- **ကျရောက်လာသည့် တာဝန်၏အရေးပါမှုကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ထာဝစဉ် သယ်ပိုးဆောင်ရွက်နိုင်သည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် ထာဝစဉ်ရပ်တည်နိုင်အောင် ကြိုးပမ်း သွားကြပါဟု**

ပြောကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ကြံ့စည်တိုင်းဖြစ် တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
၇း၅၅-၁း၅၅	Soccer Update
၈း၁၀-၂း၁၀	Sunday Talk [ဦးခင်မောင်ညို (ဘောဂဗေဒ)၊ ဦးမင်းတေဇ ညွှန့်တင်၊ ဦးမျိုးမြတ်သူ]
၉း၀၅-၃း၀၅	ခါသကြန်အဆိုအက
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	**သာယာရွှေပြည် ဒို့နေပြည် (ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မော့စ်၊ ဗေလုဝ၊ ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ-ထပ်ဆင့် အကယ်ဒမီ စင်ရော်မောင်မောင်)**
၁၀း၀၅-၄း၀၅	နိုင်ငံတကာသတင်း အကျဉ်း
၁၀း၁၀-၄း၁၀	သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၁၀း၂၀-၄း၂၀	ခါသကြန်အဆိုအက
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခဒေါက်တာ မြင့်မောင်မောင်)
၁၀း၅၅-၄း၅၅	ခါသကြန်အဆိုအက
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်း အကျဉ်း
၁၁း၁၀-၅း၁၀	အတ္ထရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ ရွာကလေး
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်း အကျဉ်း
၁၁း၂၅-၅း၂၅	Euro Goals
၁၁း၄၅-၅း၄၅	ခါသကြန်အဆိုအက
၁၁း၅၀-၅း၅၀	ရိုးရာအလုပ်မှာ နှီးတောင်းနှီးဖျာ
၁၂း၀၅-၆း၀၅	နိုင်ငံတကာ အနုပညာရေးရာ
၁၂း၃၀-၆း၃၀	မီးဘေးအန္တရာယ်ကို အထိရောက်ဆုံးကာကွယ်နိုင်သည့် AFT မီးသတ်ပစ္စည်းကိရိယာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ခေတ္တရာအဝေးပြေးဂိတ်ကြီးဝင်းအတွင်း၌ ကျင်းပ

ရန်ကုန် ဧပြီ ၅

ပဲခူးတိုင်း(အနောက်ပိုင်း)ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် အဝေးပြေးခရီးသည်တင်ယာဉ်များ မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် ဝိုင်ယာရှော့ အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ခေတ္တရာအဝေးပြေးဂိတ်ကြီးဝင်း အတွင်း၌ ဧပြီ ၄ ရက် နံနက် ၇ နာရီ မိနစ်၂၀က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ (တိုင်းဦးစီးမှူး) ဒေါ်ရင်ရင်မြက မီးဘေးကြိုတင် ကာကွယ်ရေး သိကောင်းစရာ အကြောင်းများကို လည်းကောင်း၊ ပြည်ခရိုင် မီးသတ်ဦးစီး ဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက မီးဘေးကာကွယ်မှု အဆင့်ဆင့်နှင့် မီးသတ် ဆေးဘူး အသုံးပြုမှုကို လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ ဝိုင်ယာရှော့ ဖြစ်ပွားနိုင်မှု အခြေအနေအမျိုးမျိုးကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ခရိုင် မီးသတ်ဦးစီး အရာရှိ ဦးအောင်ရွှေထွန်း၊ ဒုတပ်ကြပ် လူဇော်တို့က မီးသတ်ဆေးဘူးနှင့် မီးငြိမ်း သတ်နည်းအား ဇာတ်တိုက်လေ့ကျင့်ပြီး နောက် **(အောက်ပုံ)** မီးသတ်ယာဉ်ဖြင့် ရေဖျန်းမီးငြိမ်းသတ်မှုကို လက်တွေ့ သရုပ် ပြ လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **(၀၅၇)**

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Middlesbrough-Man;Utd	ESPN (Live)
၈း၂၄	Everton-Derby	StarSports(Live)

FA Cup (Semi- final) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Barnsley- Cardiff City	ESPN (Live)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ပြင်သစ် ရွက်သင်္ဘောတစ်စင်း ဆိုမာလီယာ ဓားပြများ ပြန်ပေးဆွဲ

မိုဂါဒစ်ရှူး ဧပြီ ၅

ဆိုမာလီယာကမ်းခြေ၌ ဧပြီ၄ရက်က ပြင်သစ်သင်္ဘောတစ်စင်းကို ဆိုမာလီ ဓားပြများ(**အောက်ပုံ**)က ဖမ်းဆီးထားကြောင်းပြင်သစ်စစ်ဘက်ကပြောကြားသည်။

ဖော်ပြ

ဖမ်းဆီးခံရသော ပြင်သစ်သင်္ဘောသည် ဇိမ်ခံအပျော်စီးရွက်သင်္ဘောဖြစ်ကြောင်း၊ သင်္ဘောပေါ်တွင် လိုက်ပါသွားသည့် သင်္ဘောသား ၃၀ ကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြင်သစ်စစ်ဘက်မှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ခရစ်တိုဖာပရာစွတ်က ပြောကြားသည်ကို အေအက်ဖ်ပီသတင်းဌာနက ကိုးကားဖော်ပြသည်။

အဆိုပါရွက်သင်္ဘောသည် ဆိုမာလီယာနိုင်ငံမှ ယီမင်နိုင်ငံတို့အကြား ရွက်လွှင့်ထွက်ခွာလာစဉ် ပြန်ပေးဆွဲဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ ခရစ်တိုဖာပရာစွတ်ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။

ဆိုမာလီယာ ကမ်းရိုးတန်း ရေပိုင်နက်တွင် အမေရိကန်ရေတပ် ကင်းလှည့်အဖွဲ့ ရှိသော်လည်း ကမ္ဘာပေါ်တွင် ဓားပြတိုက် ပြန်ပေးဆွဲမှုအများဆုံး ပြုလုပ်နေသည်။

ပြန်ပေးဆွဲခဲ့

ပြီးခဲ့သည့်နှစ်က ဆိုမာလီယာ ဓားပြဂိုဏ်း အဖွဲ့က ထိုရေပိုင်နက်အတွင်း သင်္ဘော ၂၅စင်းကို ပြန်ပေးဆွဲခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ကင်ညာအစိုးရသစ်ဖွဲ့ရေး သဘောတူညီ ဝန်ကြီးများအမည်စာရင်း သမ္မတကီဘာကီကြေညာမည်

နိုင်ရိုဘီ ဧပြီ ၅

ဒီဇင်ဘာသမ္မတ ရွေးကောက်ပွဲအပြီး နိုင်ငံရေးအကျပ် အတည်းကို အဆုံးသတ်သွားစေသည့် အာဏာခွဲဝေရေး သဘောတူညီချက်အရ ကင်ညာသမ္မတနှင့် အတိုက်အခံခေါင်းဆောင်တို့ အစိုးရသစ် ဖွဲ့စည်းရေး သဘောတူညီလိုက်ကြပြီ ဖြစ်သည်။

အဆုံးသတ်

အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အမည်စာရင်းကို ကင်ညာသမ္မတကီဘာကီက လာမည့် ဧပြီ ၆ရက်တွင် ကြေညာမည်ဖြစ်သည်။ ထိုသို့ ကြေညာခြင်းအားဖြင့် အတိုက်အခံ အိုဒီအမ်ပါတီနှင့် အာဏာရပါတီတို့အကြား အစိုးရအဖွဲ့ဝင် ကိစ္စအငြင်းပွားမှုမှာ အဆုံးသတ်သွားမည်ဖြစ်သည်။

ကင်ညာနိုင်ငံရေး အကျပ်အတည်းကို ကြားဝင်ဆောင်ရွက်ပေးသူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်က ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး နှေးကွေးနေခြင်းအပေါ် စိုးရိမ်မိကြောင်း ယမန်နေ့က ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ဖြစ်ပွားခဲ့သောကြက်ငှက်တုပ်ကွေး လူလူချင်း ပထမဆုံး ကူးစက်မှုဖြစ်ပွား

အစ္စလမ္မာဘတ် ဧပြီ ၅

ပါကစ္စတန်နိုင်ငံ၌ ဖြစ်ပွားသော ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် လူလူချင်းကူးစက်မှု ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့ကြောင်း ဧပြီ ၅ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အတည်ပြုပြောကြား

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက မိသားတစ်စုအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်၍ သေဆုံးမှုများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

တားဆီးကာကွယ်ရမည်

ကြက်ငှက်တုပ်ကွေးရောဂါသည် လူလူချင်းကူးစက်နိုင်ပြီဖြစ်၍ အနာဂတ်တွင် အစီအမံများချမှတ်လျက် တားဆီးကာကွယ်သွားရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းနှင့်တောင်ပိုင်းတို့၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ရာ ထောင်ပေါင်းများစွာသော ကြက်များ သုတ်သင်ခဲ့ရသည်ဆို၏။

တွေ့ရှိ

ပါကစ္စတန်နိုင်ငံ ပီရှာဝါမြို့ အနောက်မြောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေးရောဂါခံစားနေရသော ဝေဒနာရှင်များထံမှ သွေးနမူနာများ ကောက်ယူလျက် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းတို့သည် လူလူချင်း ကူးစက်ခံရသည်ကို တွေ့ရှိရကြောင်း သတင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားကြသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ပီရှာဝါမြို့ အနောက်မြောက်ပိုင်းရှိ ကြက်မွေးမြူရေးခြံတစ်ခြံကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျာမနီတွင် ဇီဝလောင်စာသုံးကားများ မောင်းနှင်နိုင်ခြင်း မရှိသေး

ဘာလင် ဧပြီ ၅

ဂျာမနီနိုင်ငံ၌ ဇီဝလောင်စာဆီနှင့် စတင်မောင်းနှင်ပြေးဆွဲရန် စီစဉ်ထားသော မော်တော်ကားစီးရေနှစ်သန်းကျော်မှာ မောင်းနှင်ပြေးဆွဲနိုင်ခြေမရှိသေးကြောင်း မော်တော်ကားများ ဇီဝလောင်စာဆီမောင်းနှင်ပြေးဆွဲရေး သတင်းရပ်ကွက်များက ဧပြီ ၃ရက်တွင် ပြောကြားသည်။

ဂျာမနီနိုင်ငံ၌ ဂျာမနီလုပ်ဇီဝလောင် စာဆီသုံးကားစီးရေ ၃၃၀၀၀၀နှင့် ပြည်ပမှ တင်သွင်းလာသော ကားနှစ်သန်းတို့ကို ဇီဝလောင်စာဆီဖြင့် မောင်းနှင်ရန်စီစဉ်ထားကြောင်း ဂျာမနီပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဂျာမနီအစိုးရက အီသနောနှင့်ဓာတ်ဆီ ရောနှောအသုံးပြုသည့် E-10 ခေါ်သည့် ဇီဝလောင်စာဆီကို လုံလောက်စွာထုတ်လုပ်နိုင်ခြင်းမရှိသေး၍ ပြေးဆွဲရန်ပြင်ဆင်ထားသော မော်တော်ကားများ ရပ်ဆိုင်းထားရဆဲဖြစ်ကြောင်း ပတ်ဝန်းကျင်ဝန်ကြီးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း **နိုင်ငံတကာမှုခင်းဖြစ်ရပ်**

ပြန်လည်ဆုံစည်းနိုင်ရန် ကြိုးစားခဲ့ပါသော်လည်း

မီရှေးလ်လီနီဟန်

ဂျွန်ကာလင်း

အင်ကာရေ့ဂျ်မြို့သည် အမေရိကန်နိုင်ငံ အလာစကားပြည်နယ်ရှိ လူဦးရေ သုံးသိန်းကျော်နေထိုင်သည့် စည်ကားလှသော ပင်လယ်ဆိပ်ကမ်းမြို့လေးဖြစ်သဖြင့် သာယာလှပသော်လည်း လွန်ခဲ့သော ၁၂နှစ်ခန့်က ဖြစ်ပွားခဲ့သော ရာဇဝတ်မှုကြီး ယခုမှ ပေါ်ပေါက်လာသောအခါတွင်မူ တစ်မြို့လုံး အံ့သြထိတ်လန့်တုန်လှုပ်ချောက်ချားကုန်ကြတော့သည်။

ထိုအမှုကို ယခုလောက် အကြီးအကျယ်ဖြစ်စေရန် မရည်ရွယ်မမျှော်လင့်သော်လည်း မထင်မှတ်သော ချစ်ဒေါသကြောင့် အမှားများကို ဆက်တိုက်ကျူးလွန်ခဲ့မိသူ မီရှေးလ်လီနီဟန်မှာ ဘဝအမှောင်ကျခဲ့ပြီး မည်သည့်အရာကိုမျှ ပြုပြင်ပြောင်းလဲ၍ မရတော့ပေ။ ယခုသူမအနေဖြင့် အနက်ရှိုင်းဆုံး ချောက်ကမ်းပါးအတွင်းသို့ ပြုတ်ကျ သူကဲ့သို့သော အဖြစ်မျိုးကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေရသောအခါတွင်မှ သူမ၏ ဆိုးမိုက်ခဲ့မှုများကို အကြိမ်ကြိမ် နောင်တရခဲ့မိသော်လည်း သူမ၏နောင်တများမှာ အဖတ်ဆည်မရတော့သည့် အခြေအနေမျိုးသို့ ရောက်ကာ အရာရာမှာ အချည်းနှီး ဖြစ်ခဲ့ရတော့သည်။ အတိတ်၏ ကြည်နူး ဆွတ်ပျံ့ဖွယ်ရာ လွမ်းမောကြေကွဲဖွယ်ရာ ဖြစ်ရပ်များကို သူမ၏ စိတ်မျက်စိထဲတွင် မြင်ယောင်လာပြီး အတိတ်ဟောင်းကို တမ်းတမိပြန်သည်။

လွန်ခဲ့သော ၁၉၉၀ပြည့်နှစ်က လီနီဟန်၏ အသက်မှာ ၁၇နှစ်အရွယ်မျှသာ ရှိသေးသည်။ ချောမောလှပသူ လီနီဟန်မှာ ပညာရေးကို အထက်တန်းပညာကုန်ဆုံးသည်အထိ တစိုက် မတ်မတ် သင်ယူပြီး တက္ကသိုလ်ပညာရေးကို ကျောခိုင်းခဲ့ကာ သူမဝါသနာပါသော ကချေသည်လောကသို့ ဝင်ရောက်ခဲ့လေသည်။ အကမယ်အဖြစ် ၁၉၉၁ခုနှစ်အထိ နှစ်နှစ်မျှလုပ်ကိုင်ပြီးနောက် ယာယီကျောခိုင်းထားခဲ့သော တက္ကသိုလ်ပညာရေးကို ဆုံးခန်းတိုင်သင်ယူခဲ့ရာ ၁၉၉၅ခုနှစ်တွင် ဘွဲ့ရခဲ့လေသည်။

အချစ်ကြီးချစ်ခဲ့

လီနီဟန်သည် ဘွဲ့မရမီ ၁၉၉၅ ခုနှစ်မှာပင် ဝါရှင်တန်မြို့မှ ထင်ရှားကျော်ကြားသော ဆရာဝန်ကောလင်းနှင့် မေတ္တာမျှကာ လက်ဆက်ခဲ့ကြသည်။ ကောလင်းသည် မီရှေးလ်လီနီဟန်ထက် ၁၂နှစ်မျှ အသက်ကြီးပြီး သူမအပေါ်တွင် မျက်စိအောက်မှ အပျောက်မခံနိုင်အောင် အချစ်ကြီးချစ်ခဲ့သူဖြစ်သည်။

စိတ်နာကြည်း

ကောလင်းနှင့် လီနီဟန်တို့ဇနီးမောင်နှံသည် သူချစ်ကိုယ်ချစ်များဖြစ်ကြပြီး အိမ်ထောင်ရေးပြဿနာ တစ်စုံတစ်ရာ မရှိခဲ့သော်လည်း အိမ်ထောင်သက်တမ်း တစ်နှစ်ခွဲခန့်ရှိသည့် ၁၉၉၆ နှစ်လယ်ပိုင်းတွင် ကောလင်းမကြိုက်သော အကမယ်အလုပ်ကို ခွင့်မပြုသည့်ကြားမှ လီနီဟန်အနေဖြင့် ဇွတ်လုပ်ခဲ့ရာမှ ဇနီးမောင်နှံကြားတွင် အိမ်ထောင်ရေး အက်ကြောင်းထင်ခဲ့ချိန်၌ သားတစ်ယောက်ရနေပေပြီ။ ကောလင်းက လီနီဟန်အား တစ်လအတွင်းပြန်လာရန် တောင်းဆိုခဲ့သော်လည်း မလာခဲ့သည့်အတွက် အချစ်ကြီး၍ အမျက်ကြီးကာ သူမအား စိတ်နာခဲ့ပေပြီ။ လီနီဟန်သည် ကချေသည်အဖြစ် နှစ်လမျှလုပ်ကိုင်ခဲ့ပြီးနောက် ခင်ပွန်းကောလင်းနှင့် သားလေးအား အိမ်ရှင်မပီပီ ပြုစုထိန်းသိမ်း စောင့်ရှောက်ရမည့် တာဝန်ရှိပါလားဟု အသိတရား ပြန်ဝင်ကာ ခင်ပွန်းသည် ကောလင်းထံ ပြန်လာခဲ့သည်။ သို့သော်လည်း သူမအား ခင်ပွန်းဖြစ်သူက စိတ်ဆိုး သည့်အဆင့် ကျော်လွန်ပြီး စိတ်နာကြည်း မုန်းတီးသည့် အဆင့်သို့ ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

လီနီဟန်သည် သူ့အား တစ်သက်လုံး အလိုလိုက်ချစ်ခင်ယုယခဲ့သော ခင်ပွန်းသည် ကောလင်း၏အချစ်ကြီးကာ အမျက်ကြီးမှု၊ ဥပေက္ခာပြုမှု၊ စိမ်းကားရက်စက်မှုတို့ကို လက်တွေ့ခံစားခဲ့ရသော အခါမှ သူမ၏ ခင်ပွန်းသည်အပေါ် ဆိုးသွမ်းဖိုလ်ကျခဲ့မှုအတွက် နောင်တရခဲ့မိပြီး ခင်ပွန်းသည်၏ တန်ဖိုးကို နားလည်လာမိတော့သည်။ သူမအနေဖြင့် ယခင်ကကောလင်းထံမှ ဖောဖောသီသီရခဲ့သော ချစ်ခင်ဂရုစိုက်မှုများကို လုံးဝမရရှိတော့သောအခါတွင်မှ တမ်းတမ်းတတ လိုချင်လာမိပြန်သည်။ လီနီဟန်သည် ခင်ပွန်းထံမှ လိုချင်သည့် အရာကို မရရှိပြန်သောအခါ လူ့သဘာဝအတိုင်း သူမ၏ ရင်တွင် ဗလောင်ဆူလာကာ ဒေါသတရားတို့ လှိုင်းတံပိုးထန်ခဲ့ရပြီး ရည်စားလူလု အနုကျွဲခတ် သကဲ့သို့ သည်းအူပြတ်မျှ ခံစားခဲ့ရလေသည်။

လီနီဟန်၏ ထိုခံစားမှုမှ အစပြုကာ သူမဘဝတစ်ခုလုံး ဖောက်ထိုးမိုးမျှော်ဖြစ်စေမည့် အမှုကြီးဖြစ်ပေါ်လာတော့သည်။ ကောလင်း၏ ပစ်ပယ်မှုကို ခံစားခဲ့ရသော လီနီဟန်သည် ခင်ပွန်းဖြစ်သူ သူမထံသို့ စိတ်ပြန်လည်လာစေရန် လက်ပင့်ခ်ဆိုသူ အမျိုးသားတစ်ဦးနှင့် တွဲသွားတွဲလာ လုပ်ပြခဲ့သော်လည်း ခင်ပွန်းသည် ကောလင်းထံမှ သူမအပေါ် တစ်စုံတစ်ရာ တုံ့ပြန်လာမှုမရှိချေ။ ထို့ကြောင့်ပင် လီနီဟန်သည် လက်ပင့်ခ်နှင့် စေ့စပ်သည့် အဆင့်အထိ ရောက်သွားခဲ့သည်။ သို့သော်လည်း ခင်ပွန်းသည် ကောလင်းမှာမူ သူမနှင့် ပတ်သက်ပြီး တုန်လှုပ်ခြင်းမရှိ တော့ဘဲ ခတ်မဆိတ်နေခဲ့လေသည်။

တုံ့ပြန်ရန်ကြံစည်

ထိုအတောအတွင်း သူမနှင့်စေ့စပ်ထားခဲ့သော လက်ပင့်ခ်က သူမအား ပစ်ခွာသွားပြန်သည်။ ခင်ပွန်းသည် ကောလင်းက သူမအပေါ် ဥပေက္ခာပြုကာ စိမ်းကားရက်စက်ခဲ့စဉ်က ချစ်စိတ်နှင့် ခွင့်လွှတ်နိုင်ခဲ့သော်လည်း ခင်ပွန်းသည် စိတ်ပြန်လည်လာရေးအတွက် မချစ်ဘဲ တွဲသွားတွဲလာကာ စေ့စပ်သည့်အဆင့်အထိ ရောက်ခဲ့သော လက်ပင့်ခ်က သူမအား ပစ်ပယ်သွားသောအခါတွင်မူ မာနဖြင့် ဒေါသအမျက်ခြောင်းခြောင်း ထွက်ပြီး ယောက်ျားများအပေါ် မုန်းတီးသွားကာ ဥပါယ် တံမျဉ်ဖြင့် တုံ့ပြန်ရန် ကြံစည်မိခဲ့တော့သည်။

လီနီဟန်သည် တစ်ဖက်သတ် ချစ်ခင်စွဲလမ်းနေသူဖြစ်သည့် လက်ပင့်ခ်၏ သူငယ်ချင်း သားတစ်ယောက် ဖခင်မှဆိုးဖို ဂျွန်ကာလင်းအား အစီအစဉ်အောင်မြင်ပါက လက်ထပ်မည်ဟု ပြောဆိုစည်းရုံးကာ သူမ၏ အကြံအစည်ကို အကောင်အထည် ဖော်ခဲ့တော့သည်။

၁၉၉၆ ခုနှစ်ကုန်ပိုင်းတွင် လီနီဟန်နှင့် ကာလင်းတို့သည် လက်ပင့်ခ်အား သွေးဆောင်ခေါ်ယူကာ လူသူတိတ်ဆိတ်သော တောတွင်းတစ်နေရာတွင် ကာလင်းက ပွိုင့်-၄၄ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ လက်ပင့်ခ်၏ အလောင်းကို သန့်ရှင်းရေးလုပ်သားများက တွေ့ရှိခဲ့ပြီးနောက် သူမနှင့် ပတ်သက်ခဲ့ဖူးသူဟု ဝန်ခံခဲ့သော်လည်း ရဲတပ်ဖွဲ့က သူတို့နှစ်ဦးအား စွဲချက်တင်ရန် အထောက်အထားမတွေ့ခဲ့ပေ။ လီနီဟန်က ကောလင်းနှင့် ပြန်ပေါင်းခဲ့သည်။ ၁၉၉၈ ခုနှစ် ဇန်နဝါရီလဆန်းတွင်မူ လူသတ်မှုဖြစ်ပွားချိန်က ကလေးအရွယ်သာ ရှိခဲ့သေးသော သားဖြစ်သူက သူ၏အဖေ ကာလင်းသည် သေနတ်အားဆေးကြောနေသည်ကို တွေ့ရှိခဲ့ဖူးကြောင်း၊ လီနီဟန်ကအေးမှ ရပ်ကြည့်နေခဲ့ကြောင်း စစ်ဆေးသိရှိခဲ့ရသည်။ ထို့ကြောင့် ၂၀၀၈ခု ဇန်နဝါရီလကုန်တွင် ပြစ်မှုထင်ရှားသဖြင့် ဂျွန်ကာလင်းကို လျှော့ရက်မရှိ ထောင်ဒဏ် ၉၉နှစ် ချမှတ်ခဲ့ပြီး ဧပြီ ၂ရက်က လီနီဟန်ကိုလည်း ထောင်ဒဏ် ၉၉နှစ် ထပ်မံချခဲ့သည်။ သူမသည် ထောင်ဒဏ် ၃၃နှစ်ကို လျှော့ရက်မရှိ ကျခံပြီးနောက်ပိုင်း ၆၆နှစ်တွင် လျှော့ရက် ခံစားရမည်ဖြစ်သည်။ ကောလင်းမှာ သူ့အတွက်လမ်းမှားရောက်ခဲ့ရသူ လီနီဟန်အတွက် ယူကြုံးမရဖြစ်ခဲ့ရသည်။

ယခုဖြစ်ရပ်တွင် အချစ်ကြီး၍ အမြတ်ကြီးခဲ့သော ခင်ပွန်းသည် ကောလင်းကြောင့် လုပ်ရပ်အမှားဖြင့် ပြန်လည်ဆုံစည်းနိုင်ရန် ကြိုးစားခဲ့သော ဇနီးဖြစ်သူ မီရှေးလ်လီနီဟန်မှာ လမ်းမှားရောက်ခဲ့ရပြီး သူမအား တစ်ဖက်သတ် စွဲလမ်းချစ်ခင်ခဲ့သူ ဂျွန်ကာလင်းမှာလည်း ဒုက္ခနှံ့စပ် ခဲ့ရသည့် အဖြစ်ကို သင်ခန်းစာယူဖွယ်ရာမှုခင်း ဖြစ်ရပ်အဖြစ် တင်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် - ကိုးကားရေးဖွဲ့သည်

ဘဝအမောပြေ

ခဏလေးနေကြပါဦး . . . .

တောအုပ်တစ်ခုအတွင်းရောက်ရှိနေသော အမျိုးသားသုံးဦးသည် တစ်နေရာ၌ ကျားတစ်ကောင်၏ အရိုးစုတစ်စုကို တွေ့ရှိလေသည်။

ပထမလူ ။	။ ဒီအရိုးစုကို ကျားတစ်ကောင်အဖြစ် ငါဖန်တီးနိုင်တယ်။
ဒုတိယလူ ။	။ ငါက အဲဒီကျားကို အသက်သွင်းပြီး အင်မတန်အားကောင်းတဲ့ကျားကြီးဖြစ်အောင် ချက်ချင်းလုပ်လိုက်မယ်။
တတိယလူ ။	။ ဒီမှာ…ဒီမှာ… ခဏလေးနေကြပါဦး။
ပထမလူနှင့်ဒုတိယလူ ။	။ ဘာဖြစ်လို့လဲဗျ။
တတိယလူ ။	။ ကျွန်တော်သစ်ပင်ပေါ်တက်ပုန်းပါရစေဦး။
ပထမလူနှင့်ဒုတိယလူ ။	။ ‘‘ ဗျာ ’’

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဖီဒယ်ကတ်စထရို သို့မဟုတ် ကျူးဘား၏သင်္ကေတ

သတင်းအက်ဆေး

ကျူးဘားနိုင်ငံ၏ သာယာလှပသော ဆိပ်ကမ်းတစ်နေရာ

ကျူးဘားနိုင်ငံဟု ဆိုလိုက်သည်နှင့် ကျူးဘားခေါင်းဆောင် ကတ်စထရို၏ပုံရိပ်သည် မျက်စိတွင် အလိုလိုမြင်ယောင်လာတတ်သည်။ မမှတ်မိဘဲနေနိုင်ပါမည်လား။ ကတ်စထရိုသည် မုတ်ဆိတ်နှင့်ကျင်စွယ်ကို ယဉ်တယ်ဆိုပြီး သူကထားခြင်းမဟုတ်။ ကျူးဘားအာဏာရှင် ဘာတစ္စတာအစိုးရကို တွန်းလှန်ဖယ်ရှားပြီး မပြီးဆုံးသေးသည့် တော်လှန်ရေးအတွက် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ကို မရိတ်အား၊ တော်လှန်ရေးကာလတစ်လျှောက် ဝတ်ဆင်ခဲ့သည့် ယူနီဖောင်းကိုလည်းမချွတ်၊ ကက်ဦးထုပ်ဆောင်းထားသည့် ထောင်ထောင်မောင်းမောင်းရှိသည့် ဖီဒယ်ကတ်စထရို၏ ရုပ်သွင်သည် ကမ္ဘာ့ ခေါင်းဆောင်များကြားတွင် ထင်ရှားနေသည်။ အမှန်စင်စစ် ဖီဒယ်ကတ်စထရိုနှင့် ကျူးဘား၊ ကျူးဘားနှင့် ဖီဒယ်ကတ်စထရိုသည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းလို ခွဲခြား၍မရစကောင်းပါပေ။

ထူးခြား

ဖီဒယ်ကတ်စထရိုသည် ထင်ရှားသူဖြစ်သကဲ့ ကျူးဘားနိုင်ငံသည်လည်း ထူးခြားသည့် နိုင်ငံဖြစ်သည်။ ကျူးဘားနိုင်ငံသည် ကာရစ်ဘီယံဒေသတွင် အကြီးမားဆုံးကျွန်းနိုင်ငံဖြစ်သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၏ ကမ်းခြေမှ မိုင် ၉၀သာကွာဝေးသည်။ ဖီဒယ်ကတ်စထရို၏အစိုးရကို ဖြုတ်ချရန်အမျိုးမျိုးကြံစည်ပြီး နှစ်ပေါင်း ၄၀ကျော်ကြာ အမေရိကန်က ပိတ်ဆို့အရေးယူလျက်ရှိသည်။ သို့သော် မဟာအင်အားကြီးနိုင်ငံ၏ ထိုမျှသောအရေးယူပိတ်ပင်မှုကို ကြံ့ကြံ့ခံ ရပ်တည်လျက်ရှိသည်ကား ကျူးဘားနိုင်ငံ၏ ထူးခြားသည့်အရည်အချင်းပင် ဖြစ်သည်။

ကျူးဘားနိုင်ငံ၏ အတိတ်သမိုင်းကို ကြည့်မည်ဆိုလျှင် စပိန်နယ်ပယ်သစ် ရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်က ၁၄၉၂ခုနှစ် တွင် တွေ့ရှိသည်။ ထို့အရင်က ထိုနေရာ၌ တိုင်နိုနှင့် စီဘိုနီလူမျိုးတို့ အခြေချခဲ့သည် ဟု ဆိုသည်။ စပိန်တို့လက်အောက်ရောက်သွားသောအခါ ကော်ဖီနှင့် ကြံစိုက်ပျိုးရေးအတွက် အာဖရိကကျွန်များကို ခေါ်ယူအသုံးပြုခဲ့သည်။

ကျူးဘားခေါင်းဆောင် ဖီဒယ်ကတ်စထရို

၁၉၀၂ခုနှစ် ကျူးဘားနိုင်ငံလွတ်လပ်ရေးရပြီးနောက် နှစ်ကြိမ်တိုင် အာဏာသိမ်းခေါင်းဆောင်ဖြစ်ခဲ့သူ ဘာတစ္စတာကဲ့သို့ ကျူးဘားနိုင်ငံကို အာဏာရှင်ဆန်သည့် ခေါင်းဆောင်များ အုပ်ချုပ်မင်းမူခဲ့သည်။ ဖီဒယ်ကတ်စထရိုအပါအဝင် တော်လှန်သော မျိုးချစ်များက ဟာဗားနားမြို့တော်ကို ၁၉၅၉ ခုနှစ် ဇန်နဝါရီ ၁ရက်တွင် သိမ်းပိုက်လိုက်သောအခါ အာဏာရှင် ဘာတစ္စတာမှာ အသက်ကိုဖက်နှင့်ထုပ်၍ ရွှေမြို့တော်မှ ထွက်ပြေးသွားခဲ့သည်။

ဘာတစ္စတာအစိုးရ ချုပ်ငြိမ်းပြီးနောက် ဖီဒယ်ကတ်စထရို၏ ကျူးဘားနိုင်ငံတွင် တစ်ပါတီစနစ်ကျင့်သုံးလာသည်မှာ မျက်မှောက်ကာလ ၂၀၀၈ခုနှစ်တိုင်ဖြစ်သည်။ အမေရိကန်နှင့် ကျူးဘားဆက်ဆံရေးမှာ ဖြောင့်ကျကျရန်မူလိုသည့် လက္ခဏာများတွေ့ရသည်။ ၎င်းတို့တွင် ၁၉၆၁ခုနှစ်က မအောင်မြင်သော ဝက်ပင်လယ်ကျူးကျော်မှုနှင့်တကွ စစ်အေးတိုက်ပွဲကာလ၊ ၁၉၆၂ ခုနှစ်က အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စု အင်အားကြီးနှစ်နိုင်ငံကြား နျူကလီးယားစစ်ပွဲဖြစ်စေနိုင်သည့် ကျူးဘားဒုံးပျံ အကျပ်အတည်းမှသည် ၂၀၀၀ ပြည့်နှစ်က အသက်ငါးနှစ်အရွယ် ကျူးဘားဒုက္ခသည်လေး ဂွန်ဇာလက်အား အုပ်ထိန်းခွင့်အငြင်းပွားမှုအထိ ပါဝင်သည်။

ကျူးဘားတော်လှန်ရေးအပြီးတွင် ဖီဒယ်ကတ်စထရိုသည် ကျူးဘားနိုင်ငံကို ဆိုဗီယက်ပြည်ထောင်စုနှင့် မဟာမိတ်ပြုသည်။ ထို့ပြင် ကျူးဘားဆိုရှယ်လစ်သမ္မတနိုင်ငံအဖြစ် ကြေညာသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြီး ၁၉၇၆ခုနှစ်တွင် ကျူးဘားသမ္မတဖြစ်လာသည်။ တော်လှန်ရေးတစ်လျှောက်လုံး ညာလက်ရုံးဖြစ်သူ ညီ ရောလ်ကတ်စထရိုအား ၂၀၀၆ ခုနှစ်က ဖီဒယ်ကတ်စထရို ခွဲစိတ်ကုသမှုခံစဉ်ကတည်းက ခေတ္တအာဏာလွှဲအပ်ပေးခဲ့သည်။

နေရာယူ

ဖီဒယ်ကတ်စထရိုသည် ဆိုဗီယက်ပြည်ထောင်စုနှင့် မဟာမိတ်ဖွဲ့သည်ဆိုသော်လည်း တစ်ဖက်တွင်ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို ဦးဆောင်မှု ကမ္ဘာ့မှနေရာယူထားနိုင်သူလည်းဖြစ်သည်။ အမေရိကန်ထောက်ခံသည့် ဘာတစ္စတာအစိုးရကို ဖယ်ရှားလိုက်သောအခါ ဖီဒယ်ကတ်စထရိုသည် အမေရိကန်တို့၏ မျက်စိစပါးမွေးစူးစရာဖြစ်လာသည်။ ဖီဒယ်ကတ်စထရို အစိုးရကိုဖြုတ်ချရန် ကျူးဘားပြည်ပြေးများကို စုစည်းပြီး ၁၉၆၁ ခုနှစ် ဧပြီလတွင် အမေရိကန်က ကျူးဘားသို့စေလွှတ်ခဲ့သည်၊ မအောင်မြင်ခဲ့။ နောက်တစ်နှစ် ၁၉၆၂ ခုနှစ်၌ ကမ္ဘာ့နျူကလီးယားစစ်ပွဲ နှုတ်ခမ်းဝရောက်သောအခါ ကျူးဘားမှ ဆိုဗီယက်ဒုံးပျံများရုပ်သိမ်းပေးရသလို တူရကီမှ အမေရိကန်လက်နက်များ ရုပ်သိမ်းပေးခဲ့ရသည်။ ဖီဒယ်ကတ်စထရိုသည် ထိုအခါတွင်အမေရိကန်၏ နံပါတ်(၁) ရန်သူဖြစ်လာသည်။ အမေရိကန်စီအိုင်အေအဖွဲ့က ဖီဒယ်ကတ်စထရိုကို လုပ်ကြံရန် အကြိမ်ပေါင်း ၆၀၀ကျော်ကြိုးပမ်းခဲ့သည်ဟုဆိုသည်။ သို့သော် ကတ်စထရိုကား အသက်မသေရုံမျှမက ၁၉၅၉ ခုနှစ်တွင် ဖီဒယ်အာဏာရချိန်မှစ၍ ၂၀၀၈ ခုနှစ်အထိ ကျူးဘား ခေါင်းဆောင်အဖြစ် ရပ်တည်နိုင်သည်။ ထိုကာလအတွင်းတွင် အမေရိကန်နိုင်ငံ၌ ဒွိုက်အိုက်ဆင်ဟောင်ဝါမှစ၍ ကနေဒီ၊ ဂျွန်ဆင်၊ နစ်ဆင်၊ ဖို့ဒ်၊ ကာတာ၊ ရေဂင်၊ ဂျော့အိတ်ချ် ဒဗလျူဘုရှ်၊ ကလင်တန်နှင့် လက်ရှိ ဂျော့ဒဗလျူဘုရှ်အထိ သမ္မတပေါင်း ကိုးဆက်မက ပြောင်းခဲ့သည်။

ချေဂွေဗားရား

ဖီဒယ်ကတ်စထရို၏ ထူးခြားချက်တစ်ရပ်မှာ တစ်ဖက်သားကို စာနာထောက်ထား ဝင်စားကြည့်တတ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင် ချမ်းသာသော လယ်ပိုင်ရှင်မိသားစုမှ ပေါက်ဖွားလာသူ ဖီဒယ်သည် မာ့က်စ်လီနင်ဝါဒီတော်လှန်ရေးသမားတစ်ဦးဖြစ်လာရသည်။ ကျူးဘားတော်လှန်ရေးအောင်မြင်ပြီးနောက် နိုင်ငံခေါင်းဆောင်များဖြစ်လာသည့် ဖီဒယ်ကတ်စထရို၊ ရောလ်ကတ်စထရို၊ ချေဂွေဗားရားတို့တစ်သိုက်က ဆင်းရဲသား နင်းပြားတို့၏ အခွင့်အရေးများကို ကာကွယ်မည်ဖြစ်ကြောင်း ပထမဆုံးကြေညာသည်။

ဖီဒယ်ကတ်စထရိုက ဆိုဗီယက်ပြည်ထောင်စုနှင့် မဟာမိတ်ဖွဲ့ခြင်းဖြင့် ကွန်မြူနစ်အုပ်စုနှင့် ကျူးဘားတို့ကုန်သွယ်နိုင်ပြီး နှစ်စဉ်ထောက်ပံ့ကြေး ဒေါ်လာခြောက်ဘီလီယံရရှိသည်။ ထို့အတူ အမေရိကန်၏ ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ ပိတ်ပင်အရေးယူမှုကိုလည်း ခံရသည်။ အမေရိကန်၏ ပိတ်ဆို့မှုနှင့် ၁၉၈၉ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲမှုကြောင့် ကျူးဘားစီးပွားရေး ကျဆင်းစေရုံမျှမက အထူးပင်ခြိုးခြံချွေတာလာရသည်။ ကျူးဘားနိုင်ငံသည် ခရီးသွားလုပ်ငန်းနှင့် နီကယ်တင်ပို့ရောင်းချမှုအပေါ် အဓိက မှီခိုလာရသည်။ စီးပွားရေး အခက်အခဲ မည်သို့ကြုံစေ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးတို့တွင် တော်လှန်ရေးသဘောတရားကို ကျူးဘားက ဆုပ်ကိုင်ထားသဖြင့် စာတက်မြောက်မှုနှုန်းမြင့်မားပြီး ကလေးဖွားသေနှုန်းမှာ နိမ့်ကျလျက်ရှိသည်။

ရွေးချယ်

အသက် ၈၁ နှစ်ရှိပြီဖြစ်သော ဖီဒယ်ကတ်စထရိုသည် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတအဖြစ်ဆက်လက်တာဝန်မထမ်းဆောင်တော့ကြောင်း ကြေညာသည်။ ကျူးဘား အမျိုးသားလွှတ်တော်က နှစ်ပေါင်း၅၀ နီးပါးအတွင်း ပထမဆုံးသောခေါင်းဆောင်သစ်အဖြစ် ရောလ်ကတ်စထရို (၇၆)နှစ်ကို ရွေးချယ်တင်မြှောက်လိုက်သည်။

ရောလ်ကတ်စထရိုသည် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပြီးနောက် ပြုပြင်ပြောင်းလဲမှုအချို့ကို ဆောင်ရွက်ခဲ့သည်။ ရောလ်ကတ်စထရို ကျူးဘားသမ္မတ ဖြစ်လာသောအခါ ဒုတိယခေါင်းဆောင်နေရာတွင် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မချာဒိုဗင်တူရာအား ရွေးချယ်လိုက်သောအခါ မျိုးဆက်သစ်များအံ့အားသင့်ကြသည်။

လယ်ယာထွက်ကုန်အချို့ကို အစိုးရကဈေးမြှင့်ပေးသဖြင့် လယ်သမားများ ပျော်ရွှင်နေကြသည်။ လယ်ယာထွက်ကုန်မြင့်မားရေးအတွက် ကန့်သတ်ပစ္စည်းများကိုလည်း ဝယ်ခွင့်ပြုသည်။ ကျူးဘားပြည်သူများအား လျှပ်စစ်အိမ်သုံးပစ္စည်းများနှင့် မိုဘိုင်းလ်ဖုန်းများ ဝယ်ခွင့်ပေးသည်။ ထိုမျှမက လက်ထပ်ပြီးစ ဇနီးမောင်နှံများ ပျားရည်ဆမ်းခရီးထွက်သည့်အခါနှင့် ထူးချွန်အလုပ်သမားများအား ဂုဏ်ပြုသည့်အခါတို့တွင်သာ ယခင်က တည်းခိုခွင့်ရသည့် ဇိမ်ခံဟိုတယ်များတွင် ကျူးဘားပြည်သူများအား သမ္မတ ရောလ်ကတ်စထရိုက တည်းခိုခွင့်ပြုလိုက်သည်။ ခရီးသွားလုပ်ငန်းမှာ နှစ်စဉ် ဒေါ်လာ နှစ်ဘီလီယံဝင်ငွေရှာပေးသည့်လုပ်ငန်း ဖြစ်သည်။

ကျူးဘား၌အချိန်တိုအတွင်း ဤနှုန်းဖြင့်ပြောင်းလဲလာလျှင် ရှေ့တွင်မည်သို့မည်ပုံ ပြောင်းလဲတိုးတက်လာမည်ကို မည်သူမျှခန့်မှန်းနိုင်မည် မဟုတ်ပါပေ။ မည်သို့ပင် ကျူးဘားနိုင်ငံ ပြောင်းလဲသည်ဖြစ်စေ ကျူးဘားနှင့် ဖီဒယ်ကတ်စထရိုသည် ခွဲခြားရမည် မဟုတ်ပါချေ။

ရပ်တည်နိုင်သူ

ဖီဒယ်ကတ်စထရို၏ ဘဝဖြစ်စဉ်တွင် တော်လှန်ရေးလှုပ်ရှားမှု၊ စစ်အေးတိုက်ပွဲ၊ အနောက်နှင့်အနောက်ဝိရောဓိ၊ တောင်နှင့်မြောက်ဝိရောဓိ၊ အရင်းရှင်နှင့် ကွန်မြူနစ်စနစ်အားပြိုင်မှုစသည်တို့ကို ဖြတ်သန်းကြုံတွေ့ ခဲ့ပေသည်။ ကွန်မြူနစ်စနစ် ကျဆုံးသွားပြီးနောက် ရဲဘော်ဖီဒယ်ကတ်စထရိုသည် ကွန်မြူနစ်ဝါဒီတစ်ဦးအဖြစ် တော်လှန်ရေးသင်္ကေတတစ်ခုအဖြစ် ရပ်တည်နိုင်သူဖြစ်သည်။

ထို့ကြောင့် သူ့ခေတ်နောက်ပိုင်း မည်သို့ဖြစ်နေပါစေ ဖီဒယ်ကတ်စထရို ဟူသောအမည်သည် သမိုင်းမော်ကွန်း တွင်ရစ်မည်သာ ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

တိုး - ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၅-၄-၂၀၀၈

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးတန့်နေ

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာ ငွေကြေးတန်ဖိုးများတန့်နေကြောင်း စင်ကာပူ ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။

အမေရိကန်ဒေါ်လာသည် ဂျပန်ငွေနှင့်ဖလှယ်ရာတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၀၂ ဒသမ ၃၀ ယန်းရှိပြီး ယူရိုငွေနှင့်ဖလှယ်ရာတွင် တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇ ဒေါ်လာ ရှိနေသည်။

အာကာသခရီးစဉ်များ အိန္ဒိယက ငါးနှစ်အတွင်း စတင်မည်

အိန္ဒိယနိုင်ငံက လာမည့်ငါးနှစ်အတွင်း အာကာသခရီးစဉ်ပေါင်း ၇၀ခန့် စေလွှတ်သွားမည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံတွင် အာကာသနည်းပညာတိုးတက်လာအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း အာကာသနည်းပညာတိုးတက်ရေးအတွက် ၂၀၀၈-၂၀၀၉ ကာလအတွင်း ဘတ်ဂျက်ခွင့်ပြုငွေဒေါ်လာ ၄၇ ဘီလီယံ ချမှတ်ပေးထားကြောင်း ၎င်းတို့က ပြောကြားသည်။

အစ္စရေး၌ ဗီယက်နမ်သံရုံး ဖွင့်လှစ်မည်

အစ္စရေးနိုင်ငံတွင် ဗီယက်နမ်သံရုံးကို မကြာမီအချိန်အတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားလိုက်သည်။

အဆိုပါသံရုံးကို အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ လာမည့်လအနည်းငယ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ၁၉၉၃ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး ထူထောင်ထားသည့် နှစ်နိုင်ငံအနေဖြင့် အစ္စရေးကလည်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ သံရုံးဖွင့်လှစ်မည်ဖြစ်သည်။

ရေနံစိမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းဆက်လျက်ကျဆင်းလျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိများက ပြောကြားသည်။

နယူးယောက်ဈေးကွက်တွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၈၃ ဒေါ်လာအထိ ကျဆင်းလာသည်။

အင်ဒိုနှင့်စင်ကာပူ သဘာဝဓာတ်ငွေ့ဆိုင်ရာစာချုပ်ချုပ်ဆို

အင်ဒိုနီးရှားနှင့်စင်ကာပူ နှစ်နိုင်ငံအကြား သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချရေးဆိုင်ရာ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။

ယင်းသို့ သဘောတူညီမှုအရ အင်ဒိုနီးရှားမှ သဘာဝဓာတ်ငွေ့များအား ပိုက်လိုင်းများဖြင့် သွယ်တန်းကာ စင်ကာပူနိုင်ငံသို့ ပေးပို့ဖြန့်ဖြူးမည်ဖြစ်သည်။

သူတို့အတွေးနှင့် အမြင်

* ***Industry is the soul of business and the keystone of prosperity.***

လုံ့လဝီရိယသည် လုပ်ငန်းအောင်မြင်မှုအတွက် အသက်ဝိညာဉ်ဖြစ်သည့်အပြင် ကြီးပွားချမ်းသာခြင်း၏ သော့ချက်လည်းဖြစ်သည်။

ချားလ်စ်ဒစ်ကင်
(ဝတ္ထုရေးဆရာ)

* ***The secret of success in life, is for a man to be ready for his opportunity when it comes.***

ဘဝ၌အောင်မြင်မှု၏လျှို့ဝှက်ချက်မှာ လူတစ်ယောက်သည် သူ့အတွက်ရောက်ရှိလာမည့် အခွင့်အရေးအတွက် အဆင်သင့်ရှိနေရန်ပင်ဖြစ်သည်။

ဒစ်ရေလီ
(အတွေးအခေါ်ပညာရှင်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ မက္ကဆီကိုနိုင်ငံအလယ်ပိုင်း တူလူကာမြို့တွင် ဧပြီ ၅ရက်က မိုးကြိုးပစ်ခံရမှုကြောင့် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

➢ **ကနေဒါနိုင်ငံ အော့စလိုမြို့၌ ဧပြီ ၅ရက် နံနက်ပိုင်းက ခရီးသည်တင် မော်တော်ယာဉ်တစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်ခဲ့မှုကြောင့် ရှစ်ဦးပွဲချင်းပြီးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။**

■ အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)ရှိ ဒူဘိုင်းမြို့တွင် ဧပြီ ၄ရက်က ကုန်လှောင်ရုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ လေးဦးသေဆုံးခဲ့သည်။

➢ **ပါကစ္စတန်နိုင်ငံ ဆူရီနန်မြို့အနီး၌ ဧပြီ ၄ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်ပါရှိသူအားလုံး သေဆုံးခဲ့သည်။**

■ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အနောက်ဘက် မိုင် ၈၀ခန့်အကွာ အခါလီကျေးရွာ၌ ဧပြီ ၅ရက် နံနက်ပိုင်းက တောဆင်ရိုင်းသုံးကောင် ဝင်ရောက်သောင်းကျန်းမှုကြောင့် ရွာသားသုံးဦး ဒဏ်ရာရပြီး နေအိမ်နှစ်လုံး ပျက်စီးခဲ့သည်။

➢ **မက္ကဆီကိုနိုင်ငံကမ်းလွန် မက္ကဆီကိုပင်လယ်ကွေ့၌ ဧပြီ ၄ရက်က အင်အားပြင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ ကုန်တင်သင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့သည်။**

■ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ဥရောပအာကာသအေဂျင်စီမှ စေလွှတ်လိုက်သော အာကာသကုန်တင်ယာဉ်သည် ဧပြီ ၄ရက်၌ နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် အောင်မြင်စွာချိတ်ဆက်မိကြောင်း နာဆာမှ ထုတ်ပြန်သည်။

➢ **သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အနောက်ဘက် မိုင် ၉၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဧပြီ ၅ရက်က မြေပြိုမှုဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့သည်။**

ဒီမိုကရက်တစ်သမ္မတလောင်း နေရာယှဉ်ပြိုင်မှု အမြန်အဆုံးသတ်ရန် အောက်လွှတ်တော်ဥက္ကဋ္ဌ တိုက်တွန်း

ဝါရှင်တန် ဧပြီ ၅

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်း အမည်စာရင်းတင်သွင်းခံရရေးအတွက် ယှဉ်ပြိုင်နေမှုကို အမြန်ဆုံး အဆုံးသတ်ကြရန် အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ ဒီမိုကရက်တစ်ပါတီဝင် နန်စီပလိုစီက တိုက်တွန်းလိုက်သည်။

နိုဝင်ဘာ၄ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီအနေဖြင့် မိမိပါတီကိုယ်စားလှယ် အနိုင်ရရမည်ဟု မျှော်လင့်လျှင် လောလောဆယ် ယှဉ်ပြိုင်သူ နှစ်ဦးအနက် တစ်ဦးက နောက်ဆုတ်ပေးရမည် ဖြစ်ကြောင်း ထိပ်တန်းဒီမိုကရက်တစ်ပါတီဝင် နန်စီပလိုစီက ပြောကြားလိုက်သည်။

ကြိုးပမ်း

လောလောဆယ်တွင် အိုဘားမားနှင့် ဟီလာရီတို့ အကြိတ်အနယ် ကြိုးပမ်းနေကြခြင်း ဖြစ်သည်။

နန်စီပလိုစီက ထိုနှစ်ဦးအနက် မည်သူမည်ဝါကို အရှုံးပေးနုတ်ထွက်သင့်သည်ဟု မပြောဆိုပေ။

တိုက်တွန်း

ယခုအခါ အကြိုရွေးကောက်ပွဲများ၌ ညီလာခံကိုယ်စားလှယ် ပိုမိုရရှိရေး ကြိုးပမ်းနေကြသည် မှန်သော်လည်း ဇူလိုင် ၁ရက်တွင် ပြီးဆုံးစေလိုသည် ဟူ၍ ဒီမိုကရက်တစ်ပါတီ နိုင်ငံလုံးဆိုင်ရာ ဥက္ကဋ္ဌဟောင်းဝပ်ဒင်းက ဝေဖန်ပြောဆိုပြီးနောက် အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီက အထက်ပါအတိုင်း တိုက်တွန်းပြောကြားလိုက်ခြင်း ဖြစ်သည်။

ထုတ်ဖော်ကြေညာ

အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်ကမူ အိုဘားမားနှင့် လောလောဆယ် အကြိတ်အနယ် ယှဉ်ပြိုင်မှုမှ လက်မြှောက်အရှုံးပေးကာ မည်သည့်အခါမျှ နုတ်ထွက်သွားမည်မဟုတ်ကြောင်း၊ ရေကုန်ရေခန်း ဆက်လက်ကြိုးပမ်းရန် သန္နိဋ္ဌာန်ချထားကြောင်း ထုတ်ဖော် ကြေညာထား ပြီးဖြစ်သည်။

(အင်တာနက်)

အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပလိုစီ။



သီရိလင်္ကာတပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်မှု တမီးလ်သူပုန် ၅၇ဦး သေဆုံးခဲ့ဟုဆို

ကိုလံဘို ဧပြီ ၅

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၌ အစိုးရတပ်များက ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိရာ တမီးလ်ကျားသူပုန် ၅၇ဦး သေဆုံးခဲ့ကြောင်း အစိုးရက ဧပြီ၃ရက်တွင် ပြောကြားခဲ့သည်။

သေဆုံး

သို့သော်လည်း အဆိုပါ ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း တမီးလ်တိုက်ခိုက်ရေးသမားတစ်ဦးသာ သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင် ၂၅ဦး သေဆုံးခဲ့ကြောင်း တမီးလ်ကျားသူပုန်အဖွဲ့က ပြောကြားသည်။

ချဲ့ကားပြောဆို

အစိုးရနှင့်သူပုန်အဖွဲ့တို့သည် ရန်သူများသေဆုံးမှုကို အပြန်အလှန်ချဲ့ကား ပြောဆိုနေကြောင်း၊ စစ်မြေပြင်တွင် သေဆုံးမှုများကို အတည်ပြုရန်မှာ မဖြစ်နိုင်သည့်ကိစ္စပင်ဖြစ်ကြောင်း တမီးလ်ကျားသူပုန်အဖွဲ့က ပြောကြားသည်။

ပြောကြား

သီရိလင်္ကာမြောက်ပိုင်း ဂျက်ဖ်နာ၊ ဗာဘူနီယာ၊ ပိုလွန်နာရုဝါနှင့် မန်မာ ခရိုင်တို့၌ ဧပြီ ၂ရက်နှင့် ၃ရက်အတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် သူပုန် ၅၇ဦးသေဆုံးခဲ့ကြောင်း အစိုးရတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဇင်ဘာဘွေအာဏာရပါတီ နိုင်ငံရေးဦးဆောင်မှုအဖွဲ့ မဟာဗျူဟာချမှတ်ရေး အစည်းအဝေးခေါ်ယူ

ဟာရာရေး ဧပြီ ၅

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ၏ ဇာနူပီအက်ဖ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့က မဟာဗျူဟာချမှတ်ရန်နှင့် သမ္မတရွေးကောက်ပွဲရလဒ်ကိစ္စ ဆွေးနွေးရန် အစည်းအဝေးခေါ်မည်ဟု ဆိုသည်။

သဘောထားကွဲလွဲ

အတိုက်အခံခေါင်းဆောင် မော်ဂန်က သမ္မတရွေးကောက်ပွဲ၌ သူအနိုင်ရကြောင်း ကြေညာနေသည့်ကြားမှပင် ရောဘတ်မူဂါဘီအနေဖြင့် ရှေ့တိုးသင့် မတိုးသင့်ကိစ္စတွင် အဖွဲ့ဝင် ၄၉ဦးပါဝင်သည့် ဇာနူ-ပီအက်ဖ်ပါတီ၏ နိုင်ငံရေးဦးဆောင်အဖွဲ့တွင် သဘောထားကွဲလွဲနေကြောင်း သတင်းများထွက်နေသည်။

နှစ်ဦးနှစ်ဘက်အနေဖြင့် ထွက်ပေါ်လာသော ရွေးကောက်ပွဲရလဒ်ကို လက်ခံကြမည်ဟု သူမျှော်လင့်ကြောင်း တောင်အာဖရိကသမ္မတ သာဘိုအမ်ဘီကီကလည်း တိုက်တွန်းပြောကြားသည်။

(အင်တာနက်)

အီရတ်၌ အသေခံကားဗုံးခွဲမှု ခုနစ်ဦးသေဆုံး

မိုဆူးလ် ဧပြီ ၅

အီရတ်နိုင်ငံ နိုင်ဗေးပြည်နယ် မိုဆူးလ်မြို့အနီး အီရတ်စစ်ဘက် စစ်ဆေးရေးဂိတ်၌ အသေခံကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရသွားကြောင်း ပြည်နယ် စစ်ဘက်သတင်းရပ်ကွက်က ဧပြီ ၃ရက်က ပြောကြားသည်။

မိုဆူးလ်မြို့ အနောက်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာ အက်ဒါယာ ကျေးရွာအပြင်ဘက် စစ်ဆေးရေးဂိတ်ကို ဧပြီ ၂ရက် ညနေ ၉ နာရီက ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်လာသည့်ကားဖြင့် အသေခံဗုံးခွဲသူက မောင်းနှင်တိုက်ခိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အပျက်အစီး

အီရတ်နိုင်ငံ မိုဆူးလ်မြို့အနီး စစ်ဆေးရေးဂိတ်၌ ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လူလိုက်ပါသည့်ဟိုက်ဒရိုဂျင်စွမ်းအင်သုံး လေယာဉ် စပိန်၌ ပထမဆုံးအကြိမ် အောင်မြင်စွာပျံသန်း

မက်ဒရစ် ဧပြီ ၅

စပိန်နိုင်ငံ၌ လူပထမဆုံး လိုက်ပါသည့် ဟိုက်ဒရိုဂျင် စွမ်းအင်သုံး လေယာဉ် အောင်မြင်စွာ စမ်းသပ်ပျံ သန်းနိုင်ခဲ့ကြောင်း လေယာဉ်ထုတ်လုပ်သူများက ပြောကြားသည်ကို ဧပြီ ၄ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

စမ်းသပ်ပျံသန်း

အဆိုပါ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး လေယာဉ်**(အောက်ပုံ)**ကို ဘိုးရင်း လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်ခဲ့ပြီး မက်ဒရစ်မြို့တောင်ပိုင်း ဝေဟင်တွင် သုံးကြိမ် တိုင်အောင် စမ်းသပ်ပျံသန်းခဲ့ပြီး ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

မီးခိုးထွက်ခြင်းမရှိ

၎င်းလေယာဉ်သည် ဟိုက်ဒရိုဂျင် စွမ်းအင် သုံးထား၍ မီးခိုးထွက်ခြင်း မရှိဘဲအပူနှင့်ရေငွေ့သာ ထွက်ရှိသည်ဟုဆိုသည်။

အထောက်အကူဖြစ်လာ

ယင်းဟိုက်ဒရိုဂျင်စွမ်းအင်သုံး လေယာဉ် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ခြင်းသည် မီးခိုးမထွက်သော လေယာဉ်အမျိုးအစားသစ်များ တီထွင်ထုတ်လုပ်ရာတွင် အထောက်အကူ ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း ဘိုးရင်းကုမ္ပဏီကပြောကြားသည်။

ပြောကြား

ဟိုက်ဒရိုဂျင်စွမ်းအင်သုံး လေယာဉ် အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်ခြင်းသည် နည်းပညာဆိုင်ရာ သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အနာဂတ်တွင် မီးခိုးမထွက်သည့် လေယာဉ်များ ထုတ်လုပ်သွားရန် လမ်းစသစ်ကို ရှာဖွေတွေ့ရှိခြင်းပင်ဖြစ်ကြောင်း ဘိုရင်းကုမ္ပဏီမှ နည်းပညာဆိုင်ရာအရာရှိချုပ် ဂျွန်တရေစီက ပြောကြားသည်။

လျှပ်စစ်ထုတ်လုပ်ပေး

လေယာဉ်တွင် အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်ပေါင်းစပ်ပြီး လျှပ်စစ်ထုတ်လုပ်ပေးနိုင်သည့် ဘက်ထရီများကို သုံးထားသည်။

ပျံသန်းခဲ့ခြင်းမရှိ

ယခင်က ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ရည် လောင်စာဖြင့် စမ်းသပ်ပျံသန်းခဲ့သော်လည်း လူလိုက်ပါပျံသန်းခဲ့ခြင်း မရှိပေ။

(အင်တာနက်)



၂၀၀၈ မယ်စကြဝဠာရွေးချယ်ပွဲ ဗီယက်နမ်၌ ကျင်းပမည်

ဟန္နိုင်း ဧပြီ ၅

၂၀၀၈ခုနှစ် မယ်စကြဝဠာရွေးချယ်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ခမ်ဟွာပြည်နယ် နာထရန်တောင်မြို့၌ ဇူလိုင် ၁၄ရက်တွင် ကျင်းပရန် သတ်မှတ်လိုက်ပြီဖြစ် ကြောင်း ယုဒ်သတင်းစာ၌ ဧပြီ ၄ရက်က ဖော်ပြသည်။

မယ်စကြဝဠာရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အလှမယ် ၈၀ကျော်မှာ ဇွန် ၁၅ရက်၌ ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိကြမည်ဖြစ်ပြီး ဟန္နိုင်းမြို့ ၊ နာထရန်မြို့၊ ဟိုချီမင်းမြို့နှင့် ဘန်ဒေါင်းပြည်နယ်များတွင် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍာရပ်များ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ရှားပါး အာရပ်ငွေဒင်္ဂါးပြားများ စတော့ဟုမ်းမြို့၌ ရှာဖွေတွေ့ရှိ

စတော့ဟုမ်း ဧပြီ ၅

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ အာလန်ဒါလေဆိပ်အနီး ရှားပါး အာရပ်ငွေဒင်္ဂါးပြားများကို ဆွီဒင်ရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း(အောက်ယာပုံ) ဧပြီ ၄ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

သံခေတ်အစောပိုင်းက မြှုပ်နှံထားခဲ့သော ငွေဒင်္ဂါးပြား ၄၇၀ခန့်ကိုရှေးဟောင်း သုတေသနပညာရှင်များ ဧပြီ ၁ရက်က ရှာဖွေတွေ့ရှိခဲ့သည်ဟုဆိုသည်။

ထိုခေတ်သည် အာရပ်ကုန်သည်များ ကူးသန်းရောင်းဝယ်ရေးထွန်းကားလာချိန် ဖြစ်သည်။ ရာစုနှစ်အားဖြင့် ၇ ရာစုနှစ်နှင့် ၉ ရာစုနှစ်အတွင်းက ဖြစ်သည်။

ပြောကြား

အဆိုပါ ငွေဒင်္ဂါးများသည် ဘဂ္ဂဒက်နှင့် ဒမတ်စကတ်မြို့များ၌ သွန်းလုပ်ခဲ့သည့် ဒင်္ဂါးများဖြစ်ကြောင်း၊ အချို့မှာ ပါရှားနှင့် မြောက်အာဖရိကမှ ဒင်္ဂါးများ ဖြစ်ကြောင်း ဆွီဒင် ရှေးဟောင်းသုတေသန ပညာရှင် ကာရင်ဘက်မန်းသိုယာက ပြောကြားသည်။

တွေ့ရှိ

ဆွီဒင်အမျိုးသား ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ အဖွဲ့တစ်ဖွဲ့သည် အလွန်ကြီးမားသော ကျောက်ဖျာကြီးတစ်ချပ်ကို ဖယ်ရှားလိုက်စဉ် ကျောက်ဖျာအောက်တွင် ရုတ်တရက် ငွေဒင်္ဂါးပြားတစ်ပြားကို တွေ့ရှိသည်ဟု ဆိုသည်။

အဆိုပါ ရှေးဟောင်းသုတေသနအဖွဲ့က ယင်းနေရာတွင် ဆက်လက်တူးဖော်ရာ ကြည့်ရာ ငွေဒင်္ဂါးများ ထပ်မံတွေ့ရှိခဲ့သည်။

(အင်တာနက်)

6-4 (06).pmd 1 4/6/2008, 1:49 AM

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်လုပ်ငန်းအဆင့်ရောက်အောင် တိုးချဲ့ဆောင်ရွက်

❖ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘားအံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဖြည့်စွက်တင်ပြ

ယင်းနောက် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာတွင် ကရင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းမှု တစ်နေ့တခြား တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဒေသခံများ၏ လူနေမှုအဆင့် တိုးမြှင့်ရေးအတွက် အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးမြှင့်ရေးများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် မွေးမြူရေးကဏ္ဍတွင်လည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်မှ အဆင့်မြင့်ပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးခဲ့သဖြင့် ကွန်ပျူတာတက္ကသိုလ်မှ ပထမအကြိမ် ဘွဲ့အပ်နှင်းနိုင်ခဲ့သကဲ့သို့ နည်းပညာတက္ကသိုလ်မှလည်း မေလတွင် ဘွဲ့အပ်နှင်းနိုင်တော့မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ပါကြောင်း၊ အလားတူ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပြန်ကြားရေးကဏ္ဍများတွင်လည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျေးရွာချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများလည်း ဆက်စပ်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိဦးဆောင်၍ နယ်မြေတာဝန်ခံနှင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်သည့် အဖွဲ့သည် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးရန်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အသိပေးသင့်သည်များကို အသိပေးပြောကြားရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

ကရင်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး နှစ်နိုင်ငံကုန်သွယ်မှုလမ်းကြောင်းပေါ်တွင်ရှိသည့်အတွက် စီးပွားရေးအရသော်လည်းကောင်း၊ နှစ်နိုင်ငံဆက်ဆံရေးအရသော်လည်းကောင်း အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။

ကရင်ပြည်နယ်၏ အစွန်အဖျားဒေသအနည်းငယ်တွင် လုံခြုံမှုအပြည့်အဝမရှိသေးဘဲ လက်နက်ကိုင်ဆန့်ကျင်မှု ရှိနေဆဲဖြစ်ကြောင်း၊ အဆိုပါဆန့်ကျင်သည့်အဖွဲ့များအနေဖြင့် နယ်စပ်တွင် ခိုအောင်းပြီး အကြမ်းဖက်လုပ်ငန်းများ၊ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုများကို အလစ်အငိုက်တွင် လုပ်ဆောင်လျက်ရှိနေကြဆဲပင်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများ ဖြစ်ထွန်းရေးတို့သည် မရှိမဖြစ် လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်ကြီးတစ်ခုလုံး အပြည့်အဝ တည်ငြိမ်အေးချမ်းမှုများ ရရှိအောင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ကရင်ပြည်နယ်သည် လယ်ကွင်း၊ တောတောင်၊ မြစ်၊ ချောင်း၊ သဘာဝအခြေခံကောင်းများကို အခြေခံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ပြီး စီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယနေ့ရရှိနေသည့် ဒေသဝမ်းစာဖူလုံမှု အဆင့်မှာပင် ရပ်တန့်မနေဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် စီးပွားရေး အဆင့်မြင့်တက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

တိုးချဲ့ဆောင်ရွက်

ယနေ့ကမ္ဘာတွင် စားနပ်ရိက္ခာနှင့် စက်မှုကုန်ကြမ်းသီးနှံများ၊ တစ်နေ့တခြား ပိုမိုလိုအပ်လျက်ရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်လုပ်ငန်းများအဆင့် ရောက်ရှိအောင် တိုးချဲ့ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ၏ လူမှုစီးပွားရေးအဆင့်အတန်း တိုးမြှင့်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများစွာကို တည်ထောင်ပေးထားပြီးဖြစ်၍ ပြည်သူများအပိုင်းက ဝီရိယစိုက်ပြီး ထိထိရောက်ရောက်အသုံးချသွားရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်းများ တိုးမြှင့်နိုင်ရေးအတွက် လိုအပ်ချက်များစွာကို စီမံဖြည့်ဆည်းပေးထားပြီးဖြစ်၍ ဆိုင်ရာဆိုင်ရာဝန်ထမ်းများ အနေဖြင့်လည်း ပြည်သူများ၊ ပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်ရေး မျှော်မှန်းချက်များ ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

အားသွန်ခွန်စိုက်

မိမိတို့တပ်မတော်အစိုးရအနေဖြင့် ၁၉၈၈ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ဆူပူအကြမ်းဖက်မှု မင်းမဲ့စရိုက်လုပ်ရပ်များကြောင့် ထိန်းမနိုင်သိမ်းမရဖြစ်ကာ နိုင်ငံတော်ပြိုကွဲသွားနိုင်သည့် အခြေအနေများကြောင့် နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ ရယူခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့ကို အဓိကဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် မိမိတို့ တာဝန်ယူစဉ်ကာလတွင် အစစအရာရာ နောက်ကျနေခဲ့ရသည့် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများရရှိအောင် တစိုက်မတ်မတ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့၏ နိုင်ငံတော်နှင့် ပြည်သူများအပေါ်ထားရှိသည့် မွန်မြတ်သော စေတနာ လုပ်ဆောင်မှုကြောင့် ယနေ့ဆိုလျှင် နိုင်ငံတော်၏ အခြေအနေသည် မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် အစစအရာရာ ပြောင်းလဲတိုးတက်မှုရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ပြည်သူအများ လိုလားချက်ဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော် အသွင်ကူးပြောင်းရေးလုပ်ငန်းများကို အနှောင့်အယှက် အခက်အခဲများ ရှိနေသော်လည်း သွေဖည်ခြင်းမရှိဘဲ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ကျောရိုးမဏ္ဍိုင်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူများ၏ဆန္ဒနှင့်အညီ အတည်ပြု ပြဋ္ဌာန်းရေးလုပ်ငန်းအဆင့်သို့ ခရီးပေါက်လာပြီဖြစ်ကြောင်း။

အချိန်ယူညှိနှိုင်း

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအဆင့် ရရှိအောင် အမျိုးသားညီလာခံကိုယ်စားလှယ်များက မဆုတ်မနစ်သောစိတ်ဆန္ဒဖြင့် အချိန်ယူညှိနှိုင်းချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအပေါ် အခြေပြုပြီး ဥပဒေပညာရှင်များက ရေးဆွဲထားခြင်းဖြစ်ကြောင်း။

အခြေခံဥပဒေမူကြမ်းမှာ လူတစ်ဦးတစ်ယောက်၊ ပါတီတစ်ဖွဲ့၊ အဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားအတွက် မျှော်မှန်းရေးဆွဲထားခြင်း မဟုတ်ဘဲ နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး၏ အခွင့်အလမ်းများ၊ ရပိုင်ခွင့်အကျိုးစီးပွားများကို ဖော်ဆောင်ပေးနိုင်ရန် ရေးဆွဲရေးထားခြင်းဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသား ပြည်သူအားလုံးကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဆိုသည့်ခံယူချက်ဖြင့် မည်သည့်အဖျက်အဆီး၊ အနှောင့်အယှက်များကိုမျှ နားမယောင်မိစေဘဲ မိမိနိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ကျရာအခန်းမှ ပါဝင်ပူးပေါင်းကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ ဘားအံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ဘားအံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့အတွက် လက်ဆောင်ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား ပေးအပ်ပြီး တွေ့ဆုံပွဲကို ရပ်သိမ်းကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၁၁နာရီခွဲတွင် (ခုတင်-၂၀၀)ဆံ့ ဘားအံပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံပင်မဆောင်ရှေ့၌ ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာဝန်၊ ဆရာမများ၏ ယနေ့ကျန်းမာရေးစောင့်ရှောက်မှုတာဝန်သည် ဆေးကုသမှုတစ်ခုတည်းသာ မဟုတ်တော့ဘဲ ရောဂါကာကွယ်ရေး၊ ရှာဖွေရေး၊ ကုသရေးတာဝန်ပါ ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် စီမံပေးထားပြီးဖြစ်၍ ဆရာဝန် ဆရာမများအနေဖြင့်လည်း ကျေးလက်အထိကွင်းဆင်းပြီး ရောဂါဖြစ်ပွားမှုအကြောင်းရင်းများသိရှိအောင် ရောဂါမဖြစ်အောင် နေထိုင်တတ်သည့် အသိပညာ အလေ့အကျင့်များရရှိအောင် ပညာပေးလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားသည်။

လက်ဆောင်ပစ္စည်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘားအံပြည်သူ့ဆေးရုံဆေးပဒေသာပင် အလှူငွေနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံရှိ လူနာဆောင်များ၌ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား လိုက်လံကြည့်ရှု၍ အားပေးစကားပြောကြားပြီး ဆေးဝါးနှင့် အာဟာရများကို ထောက်ပံ့ပေးအပ်သည်။

သွန်သင်ညွှန်ပြ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြပြီး ဘားအံတက္ကသိုလ်ပင်မဆောင်၌ ပါမောက္ခချုပ်ဒေါက်တာဒေါ်မြမြအေးနှင့် ပါမောက္ခများ၊ ကထိကများနှင့် နည်းပြများ၊ ပညာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ နိုင်ငံတော်ဝန်ကြီးချုပ်က ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ဆရာ၊ ဆရာမများအပိုင်းက လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရင်း တပည့်များအား ပညာရည်မြင့်မားသူများအဖြစ် လေ့ကျင့်သင်ကြားပေးရေး၊ အကျင့်စာရိတ္တကောင်းမွန်သူများဖြစ်အောင်၊ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းများကို ငယ်စဉ်ကပင်လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိပြီး နိုင်ငံစည်းကမ်းဥပဒေကို လေးစားလိုက်နာတတ်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရေး၊ ပြည်ထောင်စုကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်အောင် သွန်သင်ညွှန်ပြရေးတို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘားအံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ် (ဘားအံ)သို့ သွားရောက်ပြီး ပင်မဆောင်ရှေ့၌ နည်းပညာတက္ကသိုလ် (ဘားအံ) ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်၊ ကွန်ပျူတာတက္ကသိုလ် (ဘားအံ) ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းထိုက်နှင့် တက္ကသိုလ်နှစ်ခုတို့မှ ဆရာ၊ဆရာမများအား တွေ့ဆုံကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူကြရမည့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် ဘားအံမြို့မှ ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ကော့ကရိတ်မြို့သို့ ရောက်ရှိကြသည်။

တွေ့ဆုံပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကော့ကရိတ်မြို့နယ်ခန်းမ၌ ကော့ကရိတ်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက ကော့ကရိတ်ခရိုင်၏ တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း၊ မြေအသုံးချမှု၊ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းသီးနှံများ စိုက်ပျိုးနိုင်မှု၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးပြီးစီးမှု၊ သီးနှံအထွက်နှုန်း၊ အခြားသီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးကဏ္ဍဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

သွန်သင်ပြသ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် မိမိတို့ ဒေသအတွင်း ဖြစ်ထွန်းရရှိပြီးဖြစ်သည့် ရေ၊ မြေသဘာဝအခြေခံကောင်းများကို လက်တွေ့အကျိုးရှိရှိအသုံးချကာ မိမိတို့ လူနေမှုဘဝ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့၏ တပည့်များကို အတတ်ပညာရပ်သာမက ကိုယ်ကျင့်သိက္ခာကောင်းမွန်သူများ၊ ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းများကို ငယ်စဉ်ကပင်လိုက်နာသည့် အလေ့အကျင့်များရရှိပြီး နိုင်ငံတော်၏ စည်းကမ်းဥပဒေလေးစားလိုက်နာသူများဖြစ်အောင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ကိန်းအောင်းနေစေရအောင် သွန်သင်ပြသရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအပါအဝင် ဒီမိုကရေစီနိုင်ငံတော် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းမှ ပူးပေါင်းပါဝင်ကြရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကော့ကရိတ်ခရိုင်မှ လူမှုရေးအသင်းအဖွဲ့များအား လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြိုတင်ကာကွယ်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံတိုးချဲ့ဆောင် (ခုတင်-၁၀၀) သို့ရောက်ရှိကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်နှင့် ကျန်းမာရေးဝန်ထမ်းများအား နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာဝန်၊ ဆရာမများအနေဖြင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွက် ဆေးပဒေသာပင်၊ အလှူငွေနှင့် ဆရာဝန်၊ဆရာမ၊ ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ကော့ကရိတ်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

◆ **ကျောဖုံးမှ**

ရန်ကုန်မြို့သို့ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် လည်းကောင်း၊ မန္တလေးမြို့သို့ ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းဖြင့်လည်းကောင်း ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

ရေအားလျှပ်စစ်မရရှိမီ ရန်ကုန်မြို့ရှိ ဗမာ့တပ်မတော်၊ အတွင်းဝန်ရုံး၊ ဆေးရုံကြီး၊ ရန်ကုန်ယူနီဗာစီတီနှင့် ပြည်သူ၂၅၀၀၀ခန့်အတွက် အလုံစက်ရုံရှိ ၁၀မဂ္ဂါဝပ် ရေနွေးငွေ့ တာဘိုင်စက်နှစ်လုံးဖြင့် ဓာတ်အားဖြန့်ဖြူးခဲ့ရာ လုံလောက်ခဲ့ပါသည်။ ထို့နောက် ၁၉၅၆ ခုနှစ်တွင် ၁၀မဂ္ဂါဝပ် စက်တစ်လုံးတိုးချဲ့တပ်ဆင်ခဲ့သည်။

စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းက တည်ဆောက်မည့် ရွာမသံရည်ကျိုစက်ရုံ၊ နိုင်ငံတော် ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ တိုးချဲ့ရေးတို့အပြင် လှိုင်မြစ်ကမ်းတစ်လျှောက် တည်ဆောက်မည့် ဓာတုဗေဒစက်မှုလုပ်ငန်း၊ ဖွဲ့နှဆီစက်၊ အထပ်သားစက်တို့အတွက်ပါ ထည့်သွင်းစဉ်းစား၍ ၁၀မဂ္ဂါဝပ် ရေနွေးငွေ့တာဘိုင်စက်သုံးလုံးကို ပထမအဆင့်နှင့် ဒုတိယအဆင့်ခွဲ၍ စက်ရုံနေရာကို ဓာတ်အားအများဆုံး အသုံးပြုမည့် သံရည်ကျိုစက်နှင့် အနီးကပ်ဆုံးဖြစ်သည့် ရွာမ(အင်းစိန်)၌ တည်ဆောက်ခဲ့သည်။

ဘီလူးချောင်းအမှတ်(၂) (လောပိတ)စက်ရုံ၌ ပထမအဆင့် ၂၈မဂ္ဂါဝပ်စက်သုံးလုံးကို ၁၉၆၀ ပြည့်နှစ်တွင်လည်းကောင်း၊ မိုးဗြဲရေလှောင်ကန် တည်ဆောက်ပြီးစီးသောအခါ နောက်ထပ်ဒုတိယအဆင့် စက်သုံးလုံးကို ၁၉၇၃ခုနှစ်တွင် တိုးချဲ့တပ်ဆင်လိုက်သဖြင့်လည်းကောင်း၊ ဘီလူးချောင်း အမှတ်(၂) စက်ရုံသည် ၂၈မဂ္ဂါဝပ် စက်ခြောက်လုံးဖြင့် စုစုပေါင်း ၁၆၈မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ပြီး ထိုဓာတ်အားဖြင့် ၁၉၆၀ပြည့်လွန်နှစ်များတွင် ပြည်သူများသို့ဓာတ်အား နိုင်နင်းစွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၁၉၇၀ ပြည့်နှစ်နောက်ပိုင်း၌ နိုင်ငံတော်တွင် ပြည်သူပိုင် စက်ရုံ၊ အလုပ်ရုံကြီးများ တိုးပွားလာပြီး စီမံကိန်းစက်ရုံကြီးများ တိုးချဲ့တည်ဆောက်ခဲ့သဖြင့် ဓာတ်အားလိုအပ်ချက်တိုးတက်လာသည့်အခါ ရေအားလျှပ်စစ်စက်ရုံကြီးများ တည်ဆောက်ပါက တည်ဆောက်ရေးကာလရှည်ကြာမည်ဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများကို အောက်ပါအတိုင်း စတင်တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ပါသည်-

(က) ကျွန်းချောင်းနှင့် စလေဓာတ်မြေဩဇာစက်ရုံများနှင့် အနီးတစ်ဝိုက်ဒေသများသို့ ဓာတ်အားပေးရန် ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၇၄ခုနှစ်တွင် လည်းကောင်း၊

(ခ) ကြံခင်းဘိလပ်မြေစက်ရုံနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းဒေသရှိ စက်ရုံများ၊ ဧရာဝတီတိုင်း အတွင်းရှိမြို့နယ်များသို့ ဓာတ်အားပေးရန် မြန်အောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၇၅ ခုနှစ်တွင် လည်းကောင်း၊

(ဂ) မန်းရေနံချက်စက်ရုံ ရေနံမြေနှင့် မကွေးတိုင်း အနောက်ဘက်ခြမ်းဒေသများသို့ ဓာတ်အားပေးရန် မန်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံကို ၁၉၈၀ပြည့်နှစ်တွင် လည်းကောင်း၊

(ဃ) မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် အနီးတစ်ဝိုက်ဒေသများသို့ ဓာတ်အားပေးရန် ငန်းတေးရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၈၀ ပြည့်နှစ်တွင်လည်းကောင်း၊

(င) ရန်ကုန်မြို့တော်မှ ပိုမိုသုံးစွဲလာသည့် ဓာတ်အားအတွက် ရွာမ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၈၀ ပြည့်နှစ်တွင်လည်းကောင်း၊

(စ) ကျော့်စွာ ဓာတ်မြေဩဇာစက်ရုံနှင့် ပြည်-မြန်အောင်ကြားဒေသမှ တိုးချဲ့လိုအပ်လာသည့် ဓာတ်အားများ ဖြည့်ဆည်းပေးနိုင်ရန် ရွှေတောင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၈၄ ခုနှစ်တွင် လည်းကောင်း၊

(ဆ) သထုံတာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်ရေးစက်ရုံ၊ မြိုင်ကလေး ဘိလပ်မြေစက်ရုံ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှဒေသအချို့အား သထုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၈၅ ခုနှစ်တွင်လည်းကောင်း အသီးသီးအကောင်အထည်ဖော်တည်ဆောက်ပေးခဲ့ပါသည်။

ထိုဓာတ်အားပေးစက်ရုံများမှရရှိမည့် လျှပ်စစ်ဓာတ်အားများကို တိုးချဲ့ပို့လွှတ်ဖြန့်ဖြူးရန် တစ်ပြိုင်တည်း လိုအပ်လာသည့်အတွက် သာစည်-ချောက် (၁၃၂)ကေဗွီ ဓာတ်အားလိုင်း၊ ကြေးနီတောင်နှင့် မုံရွာမြို့အနီးတစ်ဝိုက်ဒေသများအတွက် ကျွန်းချောင်း-မုံရွာ (၁၃၂)ကေဗွီ ဓာတ်အားလိုင်း၊ သံမဏိ စက်ရုံနှင့် ပြင်ဦးလွင်မြို့အနီးတစ်ဝိုက်ဒေသများအတွက် မန္တလေး-ပြင်ဦးလွင် (၁၃၂)ကေဗွီဓာတ်အားလိုင်း၊ သာစည်-တောင်ငူ (၂၃၀)ကေဗွီ ဓာတ်အားလိုင်း၊ ချောက်-တောင်တွင်းကြီး (၁၃၂)ကေဗွီ ဓာတ်အားလိုင်းနှင့် တောင်တွင်းကြီး-လှော်ကား (၂၃၀)ကေဗွီဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများကိုလည်း ဓာတ်အားပေးစက်ရုံစီမံကိန်းများနှင့် တစ်ပြိုင်တည်း တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့တွင်လည်း ရန်ကုန်ဓာတ်အားပေးစနစ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်း(ပထမအဆင့်)ကို အကောင်အထည်ဖော် တည်ဆောက်ခဲ့ပါသည်။ ထိုသို့ ၁၉၆၀ပြည့်နှစ်က လောပိတမှ ရန်ကုန်သို့ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း တစ်လိုင်း၊ လောပိတမှ မန္တလေးသို့ (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်းတစ်လိုင်းတို့ဖြင့် စတင်ခဲ့သော မဟာဓာတ်အားလိုင်းများမှာ ယခုအခါ အဓိကကျသော ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံကြီးများကို ကွန်ရက်သဖွယ် ဆက်သွယ်ပေးထားသည့် မဟာဓာတ်အားလိုင်းစနစ်၏ ကျောရိုးသဖွယ် ဖြစ်လျက်ရှိနေပါတော့သည်။

၁၉၈၈ ခုနှစ် မတိုင်မီ ဓာတ်အားထုတ်လုပ်မှု အခြေအနေ

၁၉၆၀ ပြည့်လွန်နှစ်ကာလများတွင် ဘီလူးချောင်း အမှတ်(၂) (လောပိတ) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားဖြင့် ပြည်သူလူထု၏ ဓာတ်အားလိုအပ်ချက်ကို နိုင်နင်းစွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ထို့နောက် ၁၉၇၀ပြည့်နှစ် နောက်ပိုင်း၌ နိုင်ငံတော်တွင် ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံကြီးများတိုးပွားလာပြီး စီမံကိန်းဝင်စက်ရုံကြီးများ တိုးချဲ့တည်ဆောက်လာသဖြင့် ဓာတ်အားလိုအပ်ချက် တိုးတက်လာသည့်အခါ ရေအားလျှပ်စစ်စက်ရုံကြီးများ တည်ဆောက်ပါက တည်ဆောက်ရေးကာလ ရှည်ကြာမည်ဖြစ်သည့်အတွက် လတ်တလောလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကို တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ပါသည်။

ယင်းနောက် ၁၉၇၄ ခုနှစ်တွင် ၁၈မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်သုံးလုံးဖြင့် စတင် ဓာတ်အားထုတ်လုပ်ပေးခဲ့သည့် ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှာ ပထမဆုံး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖြစ်ပြီး မြန်အောင်၊ မန်း၊ ရွှေတောင်၊ သထုံနှင့် ရန်ကုန်မြို့တွင်ပါ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများကို ရေတိုစီမံချက်အနေဖြင့် ဆက်တိုက်တည်ဆောက်အကောင်အထည်ဖော်ခဲ့ပါသည်။

လောပိတမှ သာစည်၊ မန္တလေးသို့သွယ်တန်းထားသည့် (၁၃၂) ကေဗွီ မဟာဓာတ်အားလိုင်း မြောက်ပိုင်းနှင့် လောပိတမှ တောင်ငူ-ရန်ကုန်သို့ သွယ်တန်းထားသည့် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း တောင်ပိုင်းဟူ၍ မဟာဓာတ်အားလိုင်း နှစ်ခုသာရှိခဲ့ရာမှ မဟာဓာတ်အားလိုင်း ကွန်ရက်ဖြစ်အောင် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခဲ့ပါသည်။

ထို့အပြင် မဟာဓာတ်အားလိုင်း ပြင်ပဒေသများအတွက် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များ တပ်ဆင်တည်ဆောက်၍ ဓာတ်အားဖြန့်ဖြ
မတိုင်မီ တပ်ဆင်စက်အင်အား၊ ဓာတ်အားထု
ပြီးစီးခဲ့သော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ
အသေးစိတ်စာရင်းတို့ကို အောက်ပါအတိုင်း

လောပိတမှ သာစည်၊ မန္တလေးသို့ သွယ်တန်းထားသည့် (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း မြောက်ပိုင်းနှင့် လောပိတမှ တောင်ငူ-ရန်ကုန်သို့ သွယ်တန်းထားသည့် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းတောင်ပိုင်းဟူ၍ မဟာဓာတ်အားလိုင်းနှစ်ခုသာ ရှိခဲ့ရာမှ မဟာဓာတ်အားလိုင်းကွန်ရက်ဖြစ်အောင် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခဲ့။

၁၉၈၈ခုနှစ် မတိုင်မီ တပ်ဆင်စက်အင်အားနှင့် ဓာတ်အားထုတ်လုပ်မှု

စက်အမျိုးအစား	တပ်ဆင်စက်အင်အား(မဂ္ဂါဝပ်)			
	ဓာတ်အားစနစ်	ဓာတ်အားစနစ်ပြင်ပ	စုစုပေါင်း	
ရေအားလျှပ်စစ်	၂၂၄·၀၀၀	၄·၂၅၈	၂၂၈·၂၅၈ (၃၅·၀၂%)	၉
ဓာတ်ငွေ့/ရေနွေးငွေ့	၂၈၀·၆၅၀	၅၉·၃၅၀	၃၄၀·၀၀၀ (၅၂·၁၇%)	၁,၂
ဒီဇယ်	-	၈၃·၅၀၀	၈၃·၅၀၀ (၁၂·၈၁%)	
စုစုပေါင်း	၅၀၄·၆၅၀	၁၄၇·၁၀၈	၆၅၁·၇၅၈	၂,၂

၁၉၈၈ခုနှစ် မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ အသေးစိတ်

(က) ၁၉၈၈ခုနှစ် မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၂)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)
၁	ဘီလူးချောင်း(၂) (လောပိတ)	ကယားပြည်နယ်	၂၈ x ၃ = ၈၄ ၂၈ x ၃ = ၈၄
၂	ကင်းတား	မန္တလေးတိုင်း	၂၈ x ၂ = ၅၆
	စုစုပေါင်း		၂၂၄

(ခ) ၁၉၈၈ခုနှစ် မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၁)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)
၁	ဝက်ဝံ	မန္တလေးတိုင်း	၀·၄၅၀
၂	ဇလွီး	ချင်းပြည်နယ်	၀·၄၀၀
၃	ဒေါင်ဗား	ချင်းပြည်နယ်	၀·၄၀၀
၄	ဇင်းကျိုက်	မွန်ပြည်နယ်	၀·၂၂၈
၅	ငစစ်ဗား	ချင်းပြည်နယ်	၁·၀၀၀
၆	နမ့်ထုံ	ကချင်ပြည်နယ်	၀·၁၆၀
၇	ဖာပွန်	ကရင်ပြည်နယ်	၀·၀၆၂
၈	တပ်ကြီး	ရှမ်းပြည်နယ်	၁·၂၀၀
၉	ဖားဆောင်း	ကယားပြည်နယ်	၀·၁၀၈
၁၀	နမ့်ခမ်း	ရှမ်းပြည်နယ်	၀·၂၀၀
၁၁	သင်းသေ	ချင်းပြည်နယ်	၀·၀၅၀
	စုစုပေါင်း		၄·၂၅၈

(ဂ) ၁၉၈၈ခုနှစ် မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော ဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၇)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)
၁	ကျွန်းချောင်း	မကွေးတိုင်း	၁၈·၁၀ x ၃ = ၅၄·၃
၂	မြန်အောင်*	ဧရာဝတီတိုင်း	၁၆·၂၅ x ၃ = ၄၈·၇ ၁၈·၄၅ x ၁ = ၁၈·၄
၃	ရွာမ	ရန်ကုန်တိုင်း	၁၈·၄၅ x ၂ = ၃၆·၉
၄	မန်း	မကွေးတိုင်း	၁၈·၄၅ x ၂ = ၃၆·၉
၅	ကျိုက်လတ်**	ဧရာဝတီတိုင်း	၂·၁၈ x ၅ = ၁၀·၉
၆	ရွှေတောင်	ပဲခူးတိုင်း	၁၈·၄၅ x ၃ = ၅၅·၃
၇	သထုံ	မွန်ပြည်နယ်	၁၈·၄၅ x ၁ = ၁၈·၄
	စုစုပေါင်း		၂၈၀·၀

တိုးချဲ့ တပ်ဆင်တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာ ၁၉၈၈ ခုနှစ် မတိုင်မီ တပ်ဆင်စက်အင်အား၊ ဓာတ်အားထုတ်လုပ်မှုနှင့် တည်ဆောက်
သေးစား ပြီးစီးခဲ့သော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ အကျဉ်းချုပ်စာရင်းနှင့်
ာက်များ အသေးစိတ်စာရင်းတို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဆင်စက်အင်အားနှင့် ဓာတ်အားထုတ်လုပ်မှု

စက်အင်အား(မဂ္ဂါဝပ်)		လျှပ်စစ်ထုတ်လုပ်မှု (ယူနစ်သန်းပေါင်း)
ား စနစ်ပြင်ပ	စုစုပေါင်း	
၄.၂၅၈	၂၂၈.၂၅၈ (၃၅.၀၂%)	၉၃၄.၈၉ (၄၁.၉၉%)
၅၉.၃၅၀	၃၄၀.၀၀၀ (၅၂.၁၇%)	၁,၂၆၇.၈၆ (၅၆.၉၅%)
၈၃.၅၀၀	၈၃.၅၀၀ (၁၂.၈၁%)	၂၃.၇၀ (၁.၀၆%)
၁၄၇.၁၀၈	၆၅၁.၇၅၈	၂,၂၂၆.၄၅

သော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ အသေးစိတ်စာရင်း

းလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၂)ရုံ

	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
	၂၈ x ၃ = ၈၄	၁၉၆၀
	၂၈ x ၃ = ၈၄	၁၉၇၄
	၂၈ x ၂ = ၅၆	၁၉၈၅
	၂၂၄	

စား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၁)ရုံ

နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
	၀.၄၅၀	၁၉၃၆
	၀.၄၀၀	၁၉၈၄
	၀.၄၀၀	၁၉၈၄
	၀.၂၂၈	၁၉၈၄
	၁.၀၀၀	၁၉၈၆
	၀.၁၆၀	၁၉၈၇
	၀.၀၆၂	၁၉၈၇
	၁.၂၀၀	၁၉၈၇
ယ်	၀.၁၀၈	၁၉၈၈
	၀.၂၀၀	၁၉၈၈
	၀.၀၅၀	၁၉၈၈
	၄.၂၅၈	

ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၇)ရုံ

	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
	၁၈.၁၀ x ၃ = ၅၄.၃၀	၁၉၇၄
	၁၆.၂၅ x ၃ = ၄၈.၇၅	၁၉၇၅
	၁၈.၄၅ x ၁ = ၁၈.၄၅	၁၉၈၄
	၁၈.၄၅ x ၂ = ၃၆.၉၀	၁၉၈၀
	၁၈.၄၅ x ၂ = ၃၆.၉၀	၁၉၈၀
	၂.၁၈ x ၅ = ၁၀.၉၀	၁၉၈၃
	၁၈.၄၅ x ၃ = ၅၅.၃၅	၁၉၈၄
	၁၈.၄၅ x ၁ = ၁၈.၄၅	၁၉၈၅
	၂၈၀.၀၀	

တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံကြီးများ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံကြီးများနှင့် ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံတို့မှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ပြည်သူလူထုထံသို့အရောက် ဖြန့်ဖြူးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများအား ယင်းဓာတ်အားပေးစက်ရုံတို့ ပြီးစီးသည့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် တည်ဆောက်ကြရ။

* မြန်အောင်စက်ရုံမှ စက်နှစ်လုံး စုစုပေါင်း အင်အား ၃၂.၅မဂ္ဂါဝပ်ကို ၂၀၀၁ခုနှစ်တွင် သထုံစက်ရုံသို့ ပြောင်းရွှေ့ တပ်ဆင်ပြီးဖြစ်ပါသည်။

** ကျိုက်လတ်စက်ရုံမှ စက်ငါးလုံး စုစုပေါင်း အင်အား ၁၀.၉မဂ္ဂါဝပ်ကို ၁၉၉၈ခုနှစ်တွင် ကမ္ဘစက်ရုံသို့ ပြောင်းရွှေ့ တပ်ဆင်ပြီးဖြစ်ပါသည်။

(ဃ) ၁၉၈၈ခုနှစ် မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော ရေနွေးငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၃)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
၁	ရွာမ	ရန်ကုန်တိုင်း	၁၀ x ၃ = ၃၀	၁၉၅၇
၂	မော်လမြိုင်	မွန်ပြည်နယ်	၆ x ၂ = ၁၂	၁၉၈၀
၃	သထုံ	မွန်ပြည်နယ်	၆ x ၃ = ၁၈	၁၉၈၇
စုစုပေါင်း			၆၀	
စုစုပေါင်း (က) + (ခ) + (ဂ) + (ဃ)			၅၆၈.၂၅၈	

ဓာတ်အားပို့လွှတ်ခြင်းနှင့် လက်ခံဖြန့်ဖြူးခြင်းလုပ်ငန်း

တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံကြီးများ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံကြီးများနှင့်ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံတို့မှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ပြည်သူလူထုထံသို့ အရောက် ဖြန့်ဖြူးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများအား ယင်းဓာတ်အားပေးစက်ရုံတို့ ပြီးစီးသည့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် တည်ဆောက်ကြရပါသည်။

၁၉၈၈ခုနှစ်တွင် ဓာတ်အားပို့လွှတ်ရေးစနစ်၌ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၇)လိုင်း၊ လိုင်းမိုင်အရှည် ၅၆၈ဒသမ၉၈မိုင်၊ (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း(၁၂)လိုင်း၊ လိုင်းမိုင်အရှည် ၇၀၆ဒသမ၆၇ မိုင်နှင့် (၆၆)ကေဗွီ ဓာတ်အားလိုင်း (၂၃)လိုင်း၊ လိုင်းမိုင်အရှည် ၄၈၂ဒသမ ၃၇မိုင်ဖြင့် ဓာတ်အားပို့လွှတ်ရေးလိုင်းပေါင်း(၄၂)လိုင်းနှင့် မိုင်စုစုပေါင်း ၁၇၅၈ဒသမ၀၂မိုင် ရှိခဲ့ပါသည်။

ထို့အပြင် ဓာတ်အားစနစ်အတွင်း ပို့လွှတ်သော ဓာတ်အားများကို လက်ခံဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားခွဲရုံများ တည်ဆောက်တပ်ဆင်ခဲ့ရာ ၁၉၈၈ခုနှစ်တွင် (၂၃၀)ကေဗွီ ပင်မဓာတ်အားခွဲရုံ(၇)ရုံ၊ တပ်ဆင်အင်အား (၇၃၀)အမ်ဗွီအေ၊ (၁၃၂)ကေဗွီ ပင်မဓာတ်အားခွဲရုံ (၁၀)ရုံ၊ တပ်ဆင်အင်အား (၅၁၉)အမ်ဗွီအေနှင့် (၆၆)ကေဗွီ ဓာတ်အားခွဲရုံ (၁၇)ရုံ၊ တပ်ဆင်အင်အား(၃၈၂)အမ်ဗွီအေဖြင့် စုစုပေါင်း တပ်ဆင်အင်အား (၁၆၃၁)အမ်ဗွီအေ ရှိခဲ့ပါသည်။

၁၉၈၈ ခုနှစ်မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ၏ အကျဉ်းချုပ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဗို့အား	လိုင်းအရေအတွက် (လိုင်း)	လိုင်းအရှည် (မိုင်)	ပင်မဓာတ်အားခွဲရုံ (ရုံ)	စုစုပေါင်းတပ်ဆင်အင်အား (အမ်ဗွီအေ)
၂၃၀ကေဗွီ	၇	၅၆၈.၉၈	၇	၇၃၀
၁၃၂ကေဗွီ	၁၂	၇၀၆.၆၇	၁၀	၅၁၉
၆၆ကေဗွီ	၂၃	၄၈၂.၃၇	၁၇	၃၈၂
စုစုပေါင်း	**၄၂**	**၁,၇၅၈.၀၂**	**၃၄**	**၁,၆၃၁**

မြန်မာနိုင်ငံ၌ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ဖော်ဆောင်လာသည်နှင့်တစ်ပြိုင်နက် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များမှ လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှလည်းကောင်း၊ စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများ တစ်ဟုန်ထိုး အကောင်အထည်ဖော်ဆောင်ရွက်လာခြင်း၊ နိုင်ငံတော်အစိုးရ၏ အစီအစဉ်များဖြင့် မြို့ပြသစ်များ တည်ဆောက်လာခြင်းနှင့် စက်မှုဇုန်ကြီးများတည်ထောင်လာခြင်းကြောင့်လည်းကောင်း၊ ပြည်သူလူထုမှ မိမိတို့၏ အစီအစဉ်များဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများ၏ အစီအစဉ်များဖြင့်လည်းကောင်း အထပ်မြင့် အိမ်ရာသစ်များတည်ဆောက်လာခြင်း၊ အဆင့်မြင့် အိမ်ရာစီမံကိန်းများ ပေါ်ပေါက်လာခြင်း၊ အဆင့်မြင့် လူမှုအသုံးအဆောင်ပစ္စည်းများ များပြားစွာသုံးစွဲခွင့်ရရှိလာခြင်းတို့နှင့် ယှဉ်တွဲလျက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှုန်းသည် ၁၉၈၈ခုနှစ်မတိုင်မီကထက် တစ်မဟုတ်ချင်း များစွာမြင့်မားပြောင်းလဲသွားပါသည်။

ထိုကဲ့သို့ လိုအပ်လာမှုကြောင့် ၁၉၈၈ခုနှစ်မတိုင်မီက စက်တပ်ဆင်အင်အား ၅၆၈.၂၅၈ မဂ္ဂါဝပ်ဖြင့်သာ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းဖြင့် လုံလောက်မှုရှိနေသောအခြေအနေမှ မြင့်မားလာသောဓာတ်အား လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရန်အတွက် တည်ဆောက်ဆောင်ရွက်ခဲ့သော ၁၉၈၈ခုနှစ်နောက်ပိုင်း လျှပ်စစ်ဓာတ်အားကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုများအား ဆက်လက်၍ စုစည်းတင်ပြသွားပါမည်။ ။

သုံးခွမြို့ ဥက္ကံသွန်းဘုရားကြီး သုခပဒေသာတရားစခန်း

ရန်ကုန် ဧပြီ ၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ ဥက္ကံ ရပ်ကွက်ရှိ မဟာဇိနအတုလ သကျမုနိ သွန်းဘုရားကြီး အာရုံခံတန်ဆောင်းတော်ကြီးတွင် သုခပဒေသာ တရားစခန်းပွဲကြီးကို ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၆ရက်မှ ၁၂ရက် (ဧပြီ ၁၁ရက်မှ ၁၇ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးတွင် ဥက္ကံဘုရားကြီး မဏ္ဍိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ၊ သာသနဇောတိကဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တပဏ္ဍိတသီဟနှင့် ဘဒ္ဒန္တဇဋိလဆရာတော် အရှင်သူမြတ်တို့က မြတ်ဗုဒ္ဓဒေသနာတော်များကို နေ့စဉ် ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် တန်ခူးလဆန်း ၅ရက် (ဧပြီ ၁၀ရက်) ညနေ ၄နာရီ အရောက်လာရောက်ကြရန်နှင့် ဘုရားကြီးအလှူခံမဏ္ဍပ်နှင့် ဂေါပကအဖွဲ့ရုံးတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၆-၄-၂၀၀၈ရက်
(တနင်္ဂနွေနေ့)
(၁၃၆၉ခုနှစ်၊တပေါင်းလပြည့်ကျော်၁ရက်)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ခါသကြ်န်အဆို၊ အကများ
၈း၀၀ ၅။ 840 Living on water
၈း၄၅ ၆။ International News.

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ ခါသကြ်န်အဆို၊ အကများ
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၂း၀၅ ၅။ မြန်မာရုပ်ရှင် **ယောက်ဖတော်ခါနီးရှင် စဉ်းစားဖို့လိုတယ်** ရန်အောင်၊ လွှင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင် (ဒါရိုက်တာ- မောင်မျိုးမင်း၊ ရင်တွင်းဖြစ်)
၁၄း၁၅ ၆။ တေးဂီတအစီအစဉ်
၁၄း၃၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၄း၄၅ ၈။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ ခါသကြ်န်အဆိုအကများ
၅း၁၀ ၇။ ဆိုကြမယ်ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ **သော်မယ်ဖို့** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ဝွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၄၅ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၇း၀၀ ၁၂။ **ကောင်းခြင်းဝေဖြာ** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊မင်းသူ၊မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး (ဒါရိုက်တာ-ကိုအောင်မိုး-ပဲရစ်)
၇း၁၅ ၁၃။ အောင်ရင်၏တေးများ
၇း၃၀ ၁၄။ ခါသကြ်န်အဆိုအကများ
၇း၄၅ ၁၅။ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ဆရာဒကာလက်တွဲညီစွာကြိုးပမ်းဆောင်ရွက်မှု(အပိုင်း-၃)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ တေးဂီတအစီအစဉ်
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၁၄)

သံလွင်တံတား (မော်လမြိုင်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သံလွင်တံတား (မော်လမြိုင်) ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

▼ ကျောဖုံးမှ

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲ၌ ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက မွန်ပြည်နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှု၊ အမယ်သစ်သီးနှံ၊ နှစ်ရှည်သီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်မှုများ၊ ပြည်နယ်၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ပြည်နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍ တိုးတက်ဆောင်ရွက်နိုင်မှု၊ တံတားများ ကောင်းမွန်စေရေး စီမံဆောင်ရွက်ထားရှိမှု၊ မြို့ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

ပိုမိုမြှင့်တင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိနှင့် အဖွဲ့သည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်မည့် အလား အလာများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးရန် လာရောက် ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရစဉ်ကပင် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲများ ကြောင့် ပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်ဆန့်ကျင်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှု များစွာ နောက်ကျခဲ့ရကြောင်း။

အေးချမ်းတည်ငြိမ်

နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများ ဖြစ်ထွန်းနေမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုအဆင့် တိုးမြှင့်ရေးလုပ်ငန်းများ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် မည်ဖြစ်၍ မိမိတို့တာဝန်ယူစဉ်ကပင် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုများရရှိဖြစ်ထွန်း အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယနေ့ဆိုလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အေးချမ်း တည်ငြိမ်မှုများ ရရှိဖြစ်ထွန်းနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မွန်ပြည်နယ် အနေဖြင့်လည်း တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှု ကောင်းမွန်သည့် ပြည်နယ်တစ်ခုဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ ဒေသနေပြည်သူများအနေဖြင့် မိမိတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် လုံခြုံအေးချမ်းစွာ ဆောင်ရွက်နိုင်နေကြပြီဖြစ်ကြောင်း၊ မိမိတို့ ဝီရိယစိုက်ထုတ်လျှင် စိုက်ထုတ်သမျှ အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အားထုတ်ကြိုးပမ်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးမှု များကို ဒေသခံတိုင်းရင်းသားများက အကျိုးရှိရှိ အသုံးချ၍ ကြိုးကြိုးစားစား လုပ်ကိုင် ကြရေး၊ ပြည်နယ်၏ဒေသဝမ်းစာဖူလုံအောင်၊ စီးပွားရေးအရ တောင့်တင်းခိုင်မာအောင်၊ ပညာတတ်များ ပိုမိုတိုးပွားလာအောင်၊ ကျန်းမာကြံ့ခိုင်သူ များပြားလာအောင် ဘက်စုံ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းကြရေး မှာကြားပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လာမည့်မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အတွက်၊ တပ်မတော် အတွက်၊ ပါတီ တစ်ပါတီ၊ အသင်းအဖွဲ့ တစ်ခုခုအတွက် ကျင်းပသည့် ဆန္ဒခံယူပွဲမဟုတ် ကြောင်း၊ ပြည်သူအများ လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် လိုအပ်သည့် အခြေခံဥပဒေတစ်ရပ်ကို ပြည်သူများ၏ ဆန္ဒနှင့်အညီ အတည်ပြု ပြဋ္ဌာန်းနိုင်ရန် ကျင်းပမည့် ဆန္ဒခံယူပွဲဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ထို့ကြောင့် ပြည်သူအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသား အားလုံး၏တာဝန်အဖြစ် ခံယူလျက်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်ပြည်နယ်မှ လူမှုရေးအသင်းအဖွဲ့များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကာ တက်ရောက်လာ ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သံလွင်တံတား (မော်လမြိုင်) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်ရှုရပ်မှ သံလွင်တံတား (မော်လမြိုင်)ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သံလွင်တံတား (မော်လမြိုင်)သည် ဒေသနေ ပြည်သူများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် များစွာအထောက် အကူပြုနေသည့်တံတားကြီးဖြစ်၍ ရေရှည်တည်တံ့အောင် တံတားကြီး ကြံ့ခိုင်မှုလုပ်ငန်း များကို စဉ်ဆက်မပြတ်စစ်ဆေး ပြုပြင်ကြရေး မှာကြားသည်။

ဖြတ်သန်းသွားလာ

အဆိုပါ သံလွင်တံတား (မော်လမြိုင်)ပေါ်မှ နေ့စဉ် မော်လမြိုင်-ရန်ကုန်ရထား၊ မော်လမြိုင်-နေပြည်တော်ရထား၊ ရေး-ရန်ကုန်ရထား ငါးစင်းအသွားအပြန်၊ မြင်းလှည်း၊ ဆိုင်ကယ် ၁၅၀၀ခန့်၊ ၁၀တန်မှ တန် ၂၀အထိ ကုန်တင်ယာဉ်ကြီးများ အပါအဝင် ယာဉ်အကြီးအသေး အစီး ၈၀၀ခန့်တို့ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် သံလွင်တံတား (မော်လမြိုင်)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းဆောင်ရွက်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက် ၁၀နာရီ မိနစ် ၂၀တွင် မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၃၅၀)သို့ ရောက်ရှိပြီး ဆေးရုံဥပစာ၌ ဆေးရုံ အုပ်ကြီး ဒေါက်တာဉာဏ်ဇော်နှင့်အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြို့နေပြည်သူများနည်းတူ ကျေးလက်နေပြည်သူများပါ ရရှိခံစားနိုင်အောင် ကျယ်ကျယ် ပြန့်ပြန့် ထိထိရောက်ရောက် ကွင်းဆင်းဆောင်ရွက်ပေးကြရေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံအုပ်ကြီးထံပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်ဘူတာရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လေ့ကျင့်ပျိုးထောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိကြပြီး မော်လမြိုင်တက္ကသိုလ်ပင်မဆောင်၌ ပါမောက္ခချုပ်ဦးထွန်းသိန်းနှင့် ပါမောက္ခများ၊ ကထိကများနှင့် နည်းပြများအားတွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်က သင်ကြားစီမံကိစ္စများကို မေးမြန်းပြီးနောက် မိမိတို့တပည့်များအား နိုင်ငံတော်အတွက် အားထားရသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင်၊ အတတ်ပညာများတတ်အောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံစည်းကမ်း ဥပဒေတို့ကို လေးစားလိုက်နာတတ်အောင်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်စေ အောင် လေ့ကျင့်ပျိုးထောင်သင်ကြားပေးရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ် (မော်လမြိုင်) သို့ရောက်ရှိပြီး နည်းပညာတက္ကသိုလ် ပင်မဆောင်ရှေ့၌ နည်းပညာတက္ကသိုလ် (မော်လမြိုင်) ကျောင်းအုပ်ကြီး ဒေါက်တာ ရန်အောင်၊ ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်) ကျောင်းအုပ်ကြီး ဒေါက်တာနေခြည်လှဲလှဲသိန်းနှင့် တက္ကသိုလ်နှစ်ခုတို့မှ ဆရာ ဆရာမ များအားတွေ့ဆုံကာ ဆရာ ဆရာမများအနေဖြင့် ခေတ်မီပညာရပ်များကို ဆက်လက် ဆည်းပူးရင်း ပညာရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ပေါက် လာအောင် လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တက္ကသိုလ်နှစ်ခုတို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ တပ်မတော် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိ ရပ်နားကြသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးမြို့တွင် ပြန်ကြားရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၄ရက်နှင့် ယနေ့တို့တွင် မန္တလေးမြို့ရှိ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)နှင့် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၄ရက် ည ၈နာရီခွဲတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ကိုယ်ပွားသတင်း စာတိုက်(မန္တလေး)သို့ ရောက်ရှိရာ စာတည်းမှူး ဦးညွန့်ဇော်က လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ သည်။

ကြိုတင်ကာကွယ်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ကိုယ်ပွားသတင်းစာတိုက် အတွင်းကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး နံနက်ခင်းသတင်းစာများ အရည်အသွေး ကောင်းကောင်းဖြင့် တတ်နိုင်သမျှ အချိန် စောစောထွက်ရှိရေး၊ ကုန်ကြမ်းများ စံနှုန်း သတ်မှတ်၍ စနစ်တကျ အသုံးပြုကာ အလေအလွင့်မရှိအောင် ထိန်းသိမ်းရေးနှင့် မီးဘေး ကြိုတင် ကာကွယ်ရေးတို့ကို မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၈နာရီတွင် မန္တလေးမြို့ရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း၏ အထက်မြန်မာပြည် ပုံနှိပ်စက်ရုံသို့ ရောက်ရှိရာ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေ ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် စက်ရုံမှူး ဦးတိုးကျော် တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များနှင့် ကျောင်းသုံး စာအုပ်ရိုက်နှိပ်နေမှု များကို ရှင်းလင်းတင်ပြကြသည်။

ထိန်းသိမ်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ကုန်ကြမ်းသိုလှောင်ရုံ၊ ကုန်ချောသိုလှောင်ရုံနှင့် လုပ်ငန်းအဆင့် ဆင့် ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း စက် ပစ္စည်းများနှင့် ကုန်ချောပစ္စည်း သိုလှောင်ရုံကို သီးခြားထားရှိ ဆောင်ရွက် ထားရန်၊ စက်ပစ္စည်းများ ကြံ့ခိုင်မှု ထိန်းသိမ်းရေးကို တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်၊ ကုန်ကြမ်းပစ္စည်း များကို စနစ်တကျ စံနှုန်းသတ်မှတ် အသုံးပြု၍ အလေအလွင့် မရှိအောင် ထိန်းသိမ်း စိစစ်ဆောင်ရွက်ရန်၊ ပုံနှိပ် ထုတ်လုပ်သည့် စာအုပ်၊ စာစောင်များ အမှားအယွင်းကင်း၍ သေသပ်စွာ ထွက်ရှိ ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က တာဝန်ယူ ဆောင်ရွက်ရန်၊ စက်ရုံ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ခြင်းများကို စီမံချက်များအတိုင်း ဇာတ်တိုက် လေ့ကျင့်ရန်နှင့် မီးသတ် ဆေးဘူးများ အလုံအလောက်ထားရှိရန် တို့ကို မှာကြားသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးမြို့ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ အထက်မြန်မာပြည် ပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ တံခွန်စိုက်ဆု ကာကွယ်ရေးဝန်ကြီးဌာနအသင်း ဆွတ်ခူး

သတင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၈ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား(က)အဆင့် (ခ)အဆင့်နှင့် (ဂ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မေ ၄ရက် ညနေပိုင်းက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားခန်းမဒ္ဒကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက အမှတ်အများဆုံးဖြင့် တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးသွားခဲ့သည်။

ဘင်တန်ဝိတ်တန်း

၆၄ဘင်တန်ဝိတ်တန်း (က)အဆင့်တွင် ပထမဇေယျာဝင်း(လယ်/ဆည်)၊ ဒုတိယသန်းထိုက်(ကာကွယ်ရေး)နှင့် ပူးတွဲတတိယ မောင်နိုင်(ရှမ်း/မြောက်)နှင့် အောင်သန်းဦး(ပြည်ထဲရေး)တို့က ရရှိကြသည်။

ဖယ်သာဝိတ်တန်း

ဖယ်သာဝိတ်တန်း(က)အဆင့်ပြိုင်ပွဲတွင် ပထမ ကိုထက်(ကာကွယ်ရေး)၊ ဒုတိယ ရဲရင့်အောင်(ရှမ်း/တောင်)နှင့် တတိယ မျိုးကိုကို(ရှမ်း/မြောက်)တို့က ရရှိကြသည်။

လိုက်ဝိတ်တန်း

လိုက်ဝိတ်တန်းတွင် ပထမရန်နောင်စိုး (လယ်/ဆည်)၊ ဒုတိယအောင်အောင်(ကာကွယ်ရေး)တို့ရရှိကြသည်။

လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် ပထမ နေနိုင်ထွန်း (ဖြူးမြို့နယ်)၊ ဒုတိယ မြသိန်းထွန်း (ကာကွယ်ရေး)နှင့် ပူးတွဲတတိယ နိုင်ဝင်းထွန်း(ပြည်ထဲရေး)နှင့် တင်ဝင်းနိုင် (မြန်မာနိုင်ငံရဲတပ်ဖွဲ့) တို့ အသီးသီး ရရှိကြသည်။

၆၁ကီလိုဝယ်တာဝိတ်တန်း

၆၁ကီလို ဝယ်တာဝိတ်တန်းတွင် ပထမ နေဝင်းအောင်(ကာကွယ်ရေး)၊ ဒုတိယ ကျော်ဝဏ္ဏစိုး(ကာကွယ်ရေး)နှင့် တတိယ ဝင်းလွင်(ရှမ်း/မြောက်)တို့ ရရှိကြသည်။

၆၂ကီလို မစ်ဒယ်ဝိတ်တန်းတွင် ပထမဝင်းအောင်(ကာကွယ်ရေး)၊ ဒုတိယ သူရိန်စိုး(NS)တို့ ရရှိပြီး အဆိုပါ(က)အဆင့်အကောင်းဆုံး လက်ဝှေ့သမားဆုကို လိုက်ဖလိုင်းဝိတ်တန်းမှ သန်းဇော်ထွေးကရရှိသွားသည်။

(ခ)အဆင့်လက်ဝှေ့ပြိုင်ပွဲ ပင်းဝိတ်တန်းပြိုင်ပွဲတွင် ပထမ စံသိန်း(SS)၊ ဒုတိယ အောင်အောင်(ကာကွယ်ရေး)နှင့် တတိယ သန့်ဇော်ဦး(တပ်မတော်လေ) တို့ ရရှိကြသည်။

လိုက်ဖလိုင်းဝိတ်တန်း

လိုက်ဖလိုင်းဝိတ်တန်းတွင် ပထမ ကျော်ကျော်အောင်(တပ်မတော်လေ)၊ ဒုတိယ မျိုးလင်းကျော်(ကာကွယ်ရေး)နှင့် ပူးတွဲတတိယ ပိုင်ဖြိုး(ရှမ်း/တောင်)နှင့် သန်းဇော် (ပြည်ထဲရေး)တို့ ရရှိကြသည်။

ဖလိုင်းဝိတ်တန်းတွင် ပထမ ငြိမ်းချမ်း(ကာကွယ်ရေး)၊ဒုတိယ မင်းထက်အောင်(SS)နှင့် ပူးတွဲတတိယ ရန်မျိုးအောင်(ပြည်ထဲရေး)နှင့် ဝင်းထိန်(မြန်မာနိုင်ငံရဲတပ်ဖွဲ့)တို့ အသီးသီးရရှိကြသည်။

၆၄ကီလိုဘင်တန်ဝိတ်တန်း

၆၄ကီလို ဘင်တန်ဝိတ်တန်းတွင် ပထမ အောင်အောင်(ကာကွယ်ရေး)၊ ဒုတိယ ဘိုဘိုလင်း (ပြည်ထဲရေး)နှင့် တတိယ ဖြိုးလင်းချို (မွန်ပြည်နယ်)တို့ အသီးသီး ရရှိသွားသည်။

၆၃ကီလို ဖယ်သာဝိတ်တန်းတွင် ပထမကိုကိုဝင်း(ကာကွယ်ရေး)၊ ဒုတိယ ကျော်ကျော် (ပြည်ထဲရေး)နှင့် တတိယ သက်အောင်(တပ်မတော်လေ)တို့ ရရှိကြသည်။

၆၂ကီလို လိုက်ဝိတ်တန်းတွင် ပထမ အေးကိုနိုင်(အား/ကာသိပ္ပံရန်ကုန်)၊ ဒုတိယ ထွန်းလင်းအောင်(ပြည်ထဲရေး)နှင့် တတိယ မင်းကိုကို(ကာကွယ်ရေး)တို့ ရရှိကြသည်။

ဝယ်တာဝိတ်တန်းတွင် ပထမ အေးဝင်း(ကာကွယ်ရေး)၊ ဒုတိယ အောင်နိုင်ဝင်း (ရှမ်း/တောင်)တို့ ရရှိကြသည်။

(ခ)အဆင့်လက်ဝှေ့တွင် အကောင်းဆုံး အားကစားသမားဆုကို လိုက်ဝိတ်တန်းမှ အေးကိုနိုင်(ရန်ကုန်)က ရရှိသွားသည်။

(ဂ)အဆင့် လက်ဝှေ့ပြိုင်ပွဲ ပင်းဝိတ်တန်းတွင် ပထမ ထက်အောင်(အား/ကာသိပ္ပံ)၊ ဒုတိယ ကျော်ခိုင်ဦး(တပ်မတော်လေ)နှင့် ပူးတွဲတတိယ ကျော်မင်းထွန်း(ပြည်ထဲရေး)နှင့်သန်းထိုက်(ဖြူးမြို့နယ်)တို့က ရရှိကြသည်။

လက်ဝှေ့ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ(ကာကွယ်ရေးဝန်ကြီးဌာန)အသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဒိုင်းဆုကြီးချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

လိုက်ဖလိုင်းဝိတ်တန်းတွင် ပထမ ထက်ပိုင်(ပြည်ထဲရေး)၊ ဒုတိယသန့်ဇော်ဝင်း(တပ်မတော်လေ)နှင့် ပူးတွဲတတိယ သက်ပိုင်ထွန်း(အား/ကာသိပ္ပံရန်ကုန်)နှင့် လှဋ္ဌေးအောင်(ရှမ်း/တောင်)တို့ ရရှိကြသည်။

ဖလိုင်းဝိတ်တန်းတွင် ပထမဇော်ရှိန်း(တပ်မတော်လေ)၊ ဒုတိယဟိန်းကိုလတ်(ဘိုကလေး)၊ ပူးတွဲတတိယ နေလင်းထွန်း (ပြည်ထဲရေး)နှင့် ရန်နိုင်လင်း(မကွေးတိုင်း) တို့အသီးသီး ရရှိကြသည်။

၆၄ကီလိုဘင်တန်ဝိတ်တန်း

၆၄ကီလို ဘင်တန်ဝိတ်တန်းတွင် ပထမသန်းနိုင်ဦး(ပြည်ထဲရေး)၊ ဒုတိယ အာကာမောင်(တပ်မတော်လေ)နှင့် ပူးတွဲတတိယ ချစ်ဇော်(ဒလခ)နှင့် သန့်ဇင်ဦး(ကာကွယ်ရေး)တို့ ရရှိကြသည်။

၆၃ကီလိုဖယ်သာဝိတ်တန်း

၆၃ကီလို ဖယ်သာဝိတ်တန်းတွင် ပထမအောင်ထွန်း(ရှမ်း/တောင်)၊ ဒုတိယ ပြည်ငြိမ်းအောင်(တပ်မတော်လေ)နှင့် ပူးတွဲတတိယ အောင်မင်းထွန်း(ပြည်ထဲရေး)နှင့် သိန်းထွန်းကျော်(ဖြူးမြို့နယ်)တို့ရရှိကြသည်။

၆၂ကီလိုလိုက်ဝိတ်တန်းတွင် ပထမ ချစ်ထူး(ရှမ်း/တောင်)၊ ဒုတိယတင်မောင်ဝင်း (တပ်မတော်လေ)နှင့်ပူးတွဲတတိယ သန်းထိုက်ဦး(ဘိုကလေး)နှင့် သက်နိုင်လင်း(ပြည်ထဲရေး)တို့က ရရှိကြသည်။

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သည် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်မှုအရ နိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲများတွင် အဆင့်အတန်းမီမီ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် လက်ဝှေ့ အဆင့်အတန်း မြင့်မားရေးအတွက် ဖော်ဆောင်လျက်ရှိရာ ယခုပြိုင်ပွဲကြီး၏ "တစ်မူထူးခြားမှုရလဒ်မှာ ဝန်ကြီးဌာန အဆင့်၊ ပြည်နယ်နှင့်တိုင်း လက်ဝှေ့ကျော်များအပြင် ဘိုကလေးမြို့နယ်၊ ဖြူးမြို့နယ်မှ လက်ဝှေ့သမားများကိုပါ စည်းရုံးခေါ်ဆောင်နိုင်သည်မှာ မြန်မာ့လက်ဝှေ့ တစ်ခေတ်ဆန်းပြီး နိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်အောင် စွမ်းဆောင်လျက်ရှိကြောင်း ဤလက်ဝှေ့ပြိုင်ပွဲကြီးမှ မီးမောင်း ထိုးပြလျက်ရှိကြောင်း ရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လက်ဝှေ့ပြိုင်ပွဲတွင် အောင်ပွဲခံအနိုင် ရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုယူအပြီး ဆုများနှင့်အတူတွေ့ရစဉ်။ (မြန်မာ့အလင်း)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့်ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နွေခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည် ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်ပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေနှင့် နွေလယ်နွေခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုးတွင်နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါကရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

နွားထိုးကြီးမြို့နယ်မိသားစု (ရန်ကုန်)က နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့် နွားထိုးကြီးမြို့နယ်ဖွား ဆရာတော်ကြီးလေးပါးအား ထပ်ဆင့်ချီးကျူးပူဇော်ပွဲကို မတ်၂၂ရက်က ရန်ကုန်တိုင်း တာမွေမြို့နယ်ရှိ မဟာသန္တိသုခ ဗိမာန်တော်ကြီး၌ကျင်းပရာ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အမှုဆောင်များက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများဆက်ကပ်ကြစဉ်။ (က-ပ)

မဟာသကြၤန်၁၀ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲ

ရန်ကုန် မေ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော် ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်ဆရာတော်ကြီး ကိုယ်တိုင်ဦးစီး၍ မဟာသကြၤန်၁၀ရက် အဓိဋ္ဌာန်အထူးတရားစခန်းကို မေ၁၁ရက်မှ ၂၀ရက်အထိ ဟောကြားပြသမည် ဖြစ်သည်။ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသော ပုဂ္ဂိုလ်များသည် မေ၁၀ရက် ညနေ၃နာရီနှင့် အဓိဋ္ဌာန် တရားစခန်းဝင်လိုသူယောဂီများသည် ညနေ၅နာရီအရောက် လာရောက်ကြရမည်ဖြစ်ကြောင်းနှင့် လစဉ် ပုံမှန်ဖွင့်နေကျ တန်ခူးလ တရားစခန်းကို မေ၂၄ရက်သို့ ပြောင်းရွှေ့ထားသည်။ တရားစခန်းဝင်လိုသောယောဂီများသည် မေ၂၃ရက် ညနေ၅နာရီအရောက် လာရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၆၃၅၀၂၇နှင့် ၆၃၅၄၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်ရတနာအိမ်ရာ (၅/၁၈)နေ ဒေါ်စိန်သန်းအားရည်စူး၍ ဦးကျော်လေးမိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးသန်းနှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့က လက်ခံယူစဉ်။ (က-ပ)

ဓမ္မပီယရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလလမ်း ဓမ္မပီယရိပ်သာ (၁၆) ကြိမ်မြောက် သင်္ကြန် ၁၀ရက်တရားစခန်းကို ၁၃၆၉ခု တန်ခူးလဆန်း ၆ရက်မှ၁၅ရက် (မေ ၁၁ရက်မှ၂၀ရက်)အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးပုညာ၊ ဦးပဏ္ဍိစ္စ၊ ဦးသောပါကနှင့် ဦးဝါယမတို့က သတိပဋ္ဌာန်အလုပ်ပေးတရားများ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ကုသိုလ်ပါဝင်လိုသော ကုသိုလ်ရှင်များ ရိပ်သာ ဖုန်း-၅၇၈၅၇၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် နှင်းဆီလမ်း ပါရမီရိပ်သာ ခြံအမှတ်(၄၂) ဆရာဦးလှချစ်(မလိခဦးလှချစ်)မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး/အာဟာရ ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို အလှူရှင်ကိုယ်စား မတင်တင်မိုးက လှူဒါန်းရာ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက လက်ခံစဉ်။ (က-ပ)

နေပြည်တော်လယ်ဝေး မီးဘေးသင့်အိမ်ထောင်စုဝင်များ အလှူငွေနှင့်လူသုံးကုန်ပစ္စည်းများ ဒုတိယအကြိမ်ပေးအပ်

နေပြည်တော် ဧပြီ ၅

နေပြည်တော်ပျဉ်းမနားခရိုင် နေပြည်တော်လယ်ဝေးမှ မီးဘေးသင့် အိမ်ထောင်စုဝင်များအား အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်လယ်ဝေးရှိ ရွှေအင်တောင် မဟာစည် သာသနာ့ရိပ်သာ ဓမ္မသဘင်မဏ္ဍပ်တော်၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က မီးဘေးသင့် အိမ်ထောင်စုဝင်များအား အဖွင့်အမှာစကားနှင့် အားပေးစကား ပြောကြားသည်။

အားပေးစကားပြောကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော်ပျဉ်းမနားခရိုင် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က မီးဘေးသင့် အိမ်ထောင်စုဝင်များအား အားပေးစကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နေပြည်တော်လယ်ဝေး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ထွန်းက နေပြည်တော်လယ်ဝေး အမှတ်(၅) ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်နှင့် ပြည်ဝင်ကျေးရွာတို့၌ မီးဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အလှူရှင်များက နေပြည်တော်ပျဉ်းမနားခရိုင် နေပြည်တော်လယ်ဝေးမှ မီးဘေးသင့် အိမ်ထောင်စုဝင်များအတွက် အလှူ ငွေ၊ ဆန်၊ ဆီ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး နေပြည်တော်လယ်ဝေးမှ မီးဘေးသင့် အိမ်ထောင်စုဝင်များကိုယ်စား အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယနေ့ကျင်းပသည့် လှူဒါန်းပွဲတွင် နေပြည်တော်ပျဉ်းမနား ခရိုင် နေပြည်တော်လယ်ဝေးမှ မီးဘေးသင့်အိမ်ထောင်စုဝင်များ အတွက် ဝန်ကြီးဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပေးအပ် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၄၀၃၀၈၁၅၀နှင့် ဆန်အိတ် ၅၈၅ အိတ် ပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန် ကုန် တိုင်း ကျောက် တံ တား မြို့နယ် ဆိပ်ကမ်းသာ လမ်း အ မှတ် ၂၁၄ နေ နှစ် ဖက် သော ဘိုးဘိုး ဘွား ဘွားများနှင့် ဖခင် ဦးမြင့်ဆွေ - မိခင် ဒေါ်မိုးမိုးလှိုင် (သား) မောင်ကောင်းမြတ် ထက် မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ် တစ် သိန်း ကို ပိဋက နှစ်ပုံအောင် ဆရာတော်ဘဒ္ဒန္တဇဋိလထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) (လ/ထ အုပ်ချုပ်ရေးမှူး) ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သာကေတမြို့နယ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ

ရန်ကုန် ဧပြီ ၅

သာကေတမြို့နယ် ၁-ထူပါရုံ၊ ၂ မြောက်၊ ၅ ရပ်ကွက် ၆ အရှေ့နှင့် စက်မှုလက်မှုရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များစုပေါင်း၍ ရဟန်းခံ၊ ရှင်ပြု အလှူတော် မင်္ဂလာကျင်းပရာ မတ် ၂၉ရက် ညနေ ၃နာရီက ရဟန်းလောင်းနှင့် ရှင်သာမဏေလောင်းများအား သာကေတဇိနမာရ်အောင်ဘုရားကို လှည့်လည်ကြည်ညိုပြီး မတ်၃၀ရက် နံနက်စနာရီတွင် သာကေတ ဓမ္မဝိသုဒ္ဓိကျောင်း (မဟာစေတီတိုက်)၌ အလှူတော်မင်္ဂလာအခမ်း အနားကျင်းပသည်။ အခမ်းအနားသို့ ဆရာတော် ဘဒ္ဒန္တဥတ္တရ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များကြွရောက်တော်မူကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပြည်သူ့ ဆက်ဆံရေးဌာနမှ ဦးသိန်းနိုင်နှင့် ဦးသောင်းစိန်၊ ရန်ကုန်တိုင်း အလုပ်အမှုဆောင်ဦးတင်ဝင်း (လူမှုယဉ်ကျေးရေးရာတာဝန်ခံ) အရှေ့ပိုင်းခရိုင် အလုပ်အမှုဆောင် ဦးစံရှိန်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်၊ နေပြည်တော် ပျဉ်းမနားခရိုင် အလုပ်အမှုဆောင် ဦးရဲဝင်းအောင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာဝင်း၊ (မြို့နယ်အလုပ်အမှုဆောင်)၊ ဒုတိယဥက္ကဋ္ဌဦးလင်းလင်းထွန်း(မြို့နယ် အလုပ်အမှုဆောင်)နှင့် ဒေါ်ဝါဝါလွင်(မြို့နယ်အလုပ်အမှုဆောင်) စည်းရုံးရေးမှူးများနှင့် အမှုဆောင်များ၊ ရပ်ကွက်ငါးခုမှ အလှူရှင်များ တက်ရောက်ကြသည်။

ရေစက်သွန်းချ

အစီအစဉ်အရ ကြွရောက်တော်မူကြသော သံဃာတော်များနှင့် ဒုလ္လဘရဟန်း ရှင်သာမဏေအပါး ၄၀တို့အား သိမ်ဆင်းလောင်းလှူ ကြပြီး၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ် လှူဒါန်းကြသည်။ ထို့နောက်လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အနုမောဒနာတရားနာယူကြသည်။ **(က-ပ)**

ရန်ကုန်တိုင်း ကျောက်ရေတွင်းမြို့နယ် ဓမ္မပါလလမ်းရှိ သာသနာ့အောင်မြေ စာသင်တိုက် နာယက ဆရာတော် ဘဒ္ဒန္တဇယဝံသ အမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်း စုပေါင်း၍ မကွေးတိုင်း မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာ မီးဘေးသင့် ပြည်သူများအား အလှူငွေ ကျပ် ၁၂၆၇၀၀၀ နှင့် ဝတ်စုံ ၄၀၀ ကျော်တို့ကို လှူဒါန်းရာ ကျေးရွာပြည်သူများ ကိုယ်စား အမှုဆောင်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

အေးမြမေတ္တာဆရာတော်တရားပွဲ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း တာမွေမြို့နယ်နတ်ချောင်းရပ် မြန်မာသီရိလင်္ကာရာမကျောင်းဆရာတော်ကြီး၏တပည့် နယ်လှည့်ဓမ္မကထိက အေးမြမေတ္တာဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ (ရှင်ဘုန်း-ကျိုက်လတ်)သည် ၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၂ရက်ညတွင် မကွေးတိုင်း ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာ ဆရာတော် ဦးကောသလ္လ၏ကျောင်း ဓမ္မသဘင်၊ တန်ခူးလဆန်း ၄ရက် ညတွင် ပခုက္ကူမြို့ အမှတ်၁၂ နယ်မြေ ခန်တောတောင်ကျောင်း ဓမ္မသဘင်၊ တန်ခူးလဆန်း ၇ရက်မှ ၁၂ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့ ဝက်ဘာကျောင်း တရားစခန်းပွဲဓမ္မသဘင် တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားပွဲပင့်လျှောက်လိုလျှင် ဆရာတော် ဖုန်း - ၀၉-၅၀၂၇၃၃၆ သို့ ဆက်သွယ် ပင့်လျှောက်နိုင်သည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် လှူဒါန်း

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်လျက်ရှိသော လေးထပ်ဘောဇနဆောင်အတွက် ဦးစိန်မြင့်ဝေ-ဒေါ်ကြည်မြင့်မိသားစု ကြည့်မြင်တိုင်က ငွေကျပ် နှစ်သိန်း၊ ဦးအောင်ကြည်-ဒေါ်သန်းသန်းဌေး ဗဟန်းက ငွေကျပ်တစ်သိန်း၊ ဦးအောင်ခင်စိုး-ဒေါ်စန်းစန်းစု၊ သမီး အေးစုစုအောင် စမ်းချောင်းက ငွေကျပ်ငါးသိန်း၊ ဒေါ်ခင်အုံးမြင့်မိသားစု ကျောက်တံတားက ငွေကျပ်ငါးသိန်း၊ ဒေါ်ခင်အုန်းမြင့်(ရွှေကမ္ဘာ အထည်ဆိုင်)မိသားစု ဘိုကလေးမြို့နယ်က ငွေကျပ်တစ်သိန်း တစ်သောင်း ငါးထောင်၊ ဒေါ်အကျင်မိသားစု မရမ်းကုန်းက ငွေကျပ်နှစ်သိန်း၊ ဒေါ်ကြင်လှိုင်မိသားစု ထောက်ကြန့်က ငွေကျပ်တစ်သိန်း၊ ဒေါက်တာဦးတင်ဦး-ဒေါက်တာခင်ဘုန်းဦးမိသားစု စမ်းချောင်းက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးမြင့်လွင်-ဒေါ်ကျင်မိသားစု ပန်းဘဲတန်းက ငွေကျပ်သုံးသိန်း၊ ဒေါ်သန်းသန်းခင်မိသားစု ကျောက်မြောင်းက ငွေကျပ် တစ်သိန်း၊ ဒေါ်အုန်းမြင့်မိသားစု ကမာရွတ်မြို့နယ်က ငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်း ပါဝင်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ကမ္ဘာ့ကျန်းမာရေးနေ့

၂၀၀၈ခုနှစ်၊ ဧပြီလ(၇)ရက်

Protecting Health From Climate Change

ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေးအတွက်သတိပြု

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ထာဝရငွေရတု ပဒေသာပင်အတွက် အမှတ်(၁၃/အေ) (ပ)ထပ် သရက်တောလမ်း လင်းလွန်း/မြောက်ရပ်ကွက် စမ်းချောင်းမြို့နယ်နေ (နိကာယ်အသင်းအမှုဆောင်) ဦးအုန်းသောင်-ဒေါ်ခင်ညိုညိုနှင့်သားသမီး မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းကို အသင်းဒုတိယဥက္ကဋ္ဌ ဦးအေးထံ လှူဒါန်းစဉ်။ (က-ပ)

T-Home မန္တလေးသကြ်န်မဏ္ဍပ်၌ နာမည်ကျော်အဆိုတော်များ ဖြေဖျော်ကြမည်

ရန်ကုန် ဧပြီ ၅

TMW က ဖြန့်ချိနေသည့် **Sony, LG** နှင့် လောလောလတ်လတ် စတင်ဖြန့်ချိရောင်းချနေသည့် **T-Home Electronic Product** များကို ဝယ်ယူအားပေးကြသည့် ပရိသတ်များ ပျော်ရွှင်နိုင်စေရန် မန္တလေးတွင် **T-Home** သင်္ကြန်မဏ္ဍပ်ကို စီစဉ်ထားသည်။ သင်္ကြန်မဏ္ဍပ် တည်ရှိမည့်နေရာမှာ မန္တလေးကျုံးအရှေ့ဘက်ခြမ်း ၆၆လမ်း၊ ၂၄ x ၂၅လမ်းကြား အင်းဝဟိုတယ်နှင့် မျက်စောင်းထိုးတွင် ဖြစ်သည်။

သူတို့ဖျော်ဖြေကြမည်

T-Home သင်္ကြန်မဏ္ဍပ်တွင် ပင်တိုင်ဖျော်ဖြေကြမည့် အနုပညာရှင်များမှာ ချစ်ကောင်း၊ မျိုးကျော့မြိုင်၊ မာရဇ္ဇ၊ ဖိုးကာ၊ မိုးမိုး၊ **IMP** နှင့် **Black Hole** အဖွဲ့၊ တင့်တင့်ထွန်း၊ ဆုန်သင်းပါရ်၊ ကြိုးကြာ၊ အိမ့်ချစ်၊ လုလုနှင့် ခေမီကို တို့ဖြစ်ပြီး မြို့တော်ဝန်မဏ္ဍပ်မှ စင်ကူးပြီး လာရောက်ဖျော်ဖြေကြမည့်သူများမှာ ရင်ဂို၊ ဂရေဟမ်၊ **L** လွန်းဝါ၊ ချောစုခင်၊ ခင်ဘုဏ်း၊ ရွှေထိုက်၊ ရှင်ဖုန်း၊ ချစ်သုဝေ၊ စန္ဒီမြင့်လွင်နှင့် **Jenny** တို့ဖြစ်သည်။

ဖိတ်ခေါ်ထား

တီးခတ်မည့်တီးဝိုင်းမှာ ကိုဥက္ကာဦးသာနှင့် သူငယ်ချင်းများဖြစ်ကြသော **Bass** ကျင်ခန်းဖုန်း၊ **Drum** စိုးသီဟနှင့် **Guitar** အောင်သူတို့ဖြစ်ကာ သီဆိုမည့် အနုပညာရှင် အများစုသည် **TMW**၏ လုပ်ငန်းခွဲ တစ်ခုဖြစ်သော **Excellent Creation** တေးထုတ်လုပ်ရေး၏ လုပ်ဖော်ကိုင်ဖက်များ ဖြစ်သည်။ **T-Home** သင်္ကြန်မဏ္ဍပ်(မန္တလေး)ကို မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ရန် ဖိတ်ခေါ်ထားသည်။

T-Home ပစ္စည်းများကို ဝယ်ယူလိုပါက ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ် (၁၆၂/၁၆၄) ပန်းဆိုးတန်းလမ်း (လယ်) ဖုန်း-၂၅၄၅၆၁-၂၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် ၃၅၂ လမ်း၃၀နှင့် ၈၂လမ်းကြား အရှေ့အောင်နန်းရိပ်သာနှင့် မုံရွာ၊ မြစ်ကြီးနား၊ မော်လမြိုင်၊ ပြည်မြို့တို့ရှိ **T-Home** ဆိုင်များ၌ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးလုပ်နေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် နယ်ချဲ့လက်သစ်တို့ ပရိယာယ် သတိပြု

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၄ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ်တို့မှ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်း ၇၀၀တို့ တက်ရောက်ကြသည်။

လက်တွေ့ခံစား

တွေ့ဆုံပွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း စသည့် ပင်နယ်ကြီးသုံးခု၏ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုအပေါ်၌ မူတည်ကြောင်း၊ နိုင်ငံတော်အစိုးရက ချမှတ်ပေးသည့် မှန်ကန်သင့်မြတ်သောမူဝါဒနှင့် အစီအမံများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ကြရာတွင် ပြည်သူများက မိမိတို့အကျိုးနှင့် ယှဉ်တွဲလျက် တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ကြရကြောင်း၊ ဤသို့ ပြည်သူတစ်ရပ်လုံးက မှန်ကန်သောခံယူချက်ဖြင့် ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရန်သည် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးဆောင်ရွက်ပေးရသည့် အဓိကကျသော အစိုးရအဖွဲ့အစည်းဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ၏ ပြယုဂ်ပင်ဖြစ်ကြောင်း၊ ယခုအခါ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူအားလုံး လက်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း၊ ဤတိုးတက်မှု ရလဒ်များသည် အခက်အခဲ၊ အပိတ်အဆို့၊ အနှောင့်အယှက်မျိုးစုံကြားထဲမှ ခက်ခက်ခဲခဲ အကောင်အထည်ဖော် ရရှိခဲ့သော ရလဒ်များဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယနေ့ ပြည်သူတစ်ရပ်လုံး၏ အခြေခံလိုလားချက် သုံးချက်ရှိကြောင်း၊ ပြည်သူတစ်ရပ်လုံးသည် တည်ငြိမ် အေးချမ်းမှုကိုလိုလားကြောင်း၊ တစ်ဦး တစ်ယောက် တစ်မိသားစုမှစ၍ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြောင်း၊ ဥပဒေ၏ အရိပ်အာဝါသ အောက်တွင် လူတိုင်း လွတ်လပ်စွာနေထိုင်၍ အသက်မွေးဝမ်းကျောင်းပြုလိုပါကြောင်း၊ ဤအခြေခံ လိုလားချက်သုံးချက် ပြည့်ဝအောင်မြင်ပြီး ပြည်သူတစ်ရပ်လုံး လိုလား တောင့်တလျက်ရှိသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖော်ဆောင်ရန် နိုင်ငံတော်အစိုးရက ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မည်သည့် ခေတ်ကာလနှင့်မျှ မတူသည့် ဖွံ့ဖြိုး တိုးတက်မှုများကို လက်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း။

အစဉ်သတိပြု

သို့ဖြစ်၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်တည်တံ့ဖြစ်ထွန်းစေရန်အတွက် ရှေ့ဆက်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံ့ဝန်ထမ်းများ၏ မှန်ကန်သော စည်းရုံးပေါင်းကူးပေးမှုဖြင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်း လက်တွဲ ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထို့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို နည်းအမျိုးမျိုးဖြင့် ဖျက်လိုဖျက်ဆီး ပြုလုပ်နေကြသော ပြည်တွင်းပြည်ပ အဖျက်ရန်များနှင့် နယ်ချဲ့လက်သစ်တို့၏ ပရိယာယ်ကိုလည်း အစဉ်သတိပြုကြရန် လိုကြောင်းဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားသွားသည်။

နှုတ်ဆက်

ထို့နောက်ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**(သတင်းစဉ်)**

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ(၁၉၇၅-၈၁) မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ

ရန်ကုန် ဧပြီ ၅

ပဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို မေ ၃ရက် (စနေနေ့) ညနေ ၅ နာရီတွင် Dolphin Restaurant (ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းအားလုံး စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အမှတ်တရစာအုပ်ပြုလုပ်ရန် နေရပ်လိပ်စာနှင့် လိုင်စင်ဓာတ်ပုံတစ်ပုံတို့ကို ကိုရွှေသန်းစိုး ဖုန်း-၀၉-၅၁-၁၂၉၁၇၊ ၀၁-၅၁၂၃၇၂၊ ကိုဝင်းဆွေ ဖုန်း- ၀၉-၅၀-၁၆၀၉၅၊ ၀၁-၇၀၄၂၉၅၊ ကိုကျော်ဆန်း ဖုန်း-၀၉-၅၀-၀၃၈၁၆၊ ကိုအေးကို ဖုန်း-၀၉-၅၀-၀၈၉၇၅၊ ၀၁-၅၁၈၄၃၃၊ ကိုကျော်သန်း ဖုန်း-၀၉-၅၁-၂၃၇၇၃၊ ၀၁-၃၉၄၁၇၄၊ မဝင်းဝင်းမြင့် ဖုန်း-၀၉-၅၀-၀၉၃၀၁၊ ၀၁-၆၆၄၆၆၅၊ မစန်းစန်းအေး ဖုန်း-၀၉-၅၁-၅၄၁၁၁၊ ၀၁-၃၉၂၈၅၈ ၊ မမန္တူ ဖုန်း-၀၉-၅၀-၂၄၁၄၈၊ ၀၁-၆၄၅၇၅၈ တို့သို့ ဧပြီ၂၀ရက် နောက်ဆုံးထား အရောက်ပေးပို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အောင်စေတီ သာသနာ့ဗိမာန်ကျောင်းတိုက် ဆရာတော်ကြီး၏ သိက္ခာထပ်မွေးနေ့ မင်္ဂလာကျင်းပမည်

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ၁၀မိုင် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစတိလ ဆရာတော်ကြီး၏ သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ဝါ ပြည့်မြောက် သိက္ခာထပ်မွေးနေ့မင်္ဂလာအခမ်းအနားကို ဧပြီ ၆ရက်တွင် အဆိုပါ အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်၌ နံနက် ၈နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ပြီး ယင်းနေ့နံနက်၉နာရီတွင် သိက္ခာထပ် သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဒူတ ရွှေတဂူဆရာတော်

ရန်ကုန် ဧပြီ ၅

သင်္ကြန်တရားစခန်းပွဲနှင့် ရဟန်းခံရှင်ပြု သိက္ခာထပ်ပွဲ၊ ငွေပေါ်ကျွန်း(ဗုဒ္ဓတထောင်သာသနာပြု) ကြွေးကင်းရန်ပြေအောင်ပေါင်းစုဘုရားဝင်း (ရွှေတဂူဓမ္မဗိမာန်)တွင် ရွှေတဂူဆရာတော် အရှင်စန္ဒသူရိယ (မဟာဒွိတ္ထွက်ခေါင်၊ စွယ်စုံ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက)က ဗုဒ္ဓအလိုကျမိုးကုတ် ဆရာတော်ကြီး၊ မဟာစည် ဆရာတော်ကြီး၊လယ်တီဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ မဟာဂန္ဓာရုံဆရာတော်ကြီး၊ ဓမ္မဒူတ အရှင်ပညာဇောတ(တောင်)ဆရာတော်ကြီးတို့အား ကျေးဇူးပြုကျေးဇူးဆပ်သောအားဖြင့် သစ္စာအဓိဋ္ဌာန် သမထဝိပဿနာ တရားတော်များကို ယောဂီများအားလုံးအား သင်ကြားကျင့်ကြံစေမည်ဖြစ်သည်။ ဧပြီ ၁၂ရက်မှ၂၂ရက်အထိအခမဲ့စရိတ်ငြိမ်းလာရောက် တရားအားထုတ်နိုင်သည်။ တရားအားထုတ်လိုသူများသည် ကြိုတင်စာရင်း ပေးသွင်းပြီး ဧပြီ ၁၁ ရက်အရောက် လာရောက်ကြရမည်ဖြစ်သည်။

(က-ပ)

သိမ်ကုန်းကျောင်းတိုက် သင်္ကြန်တွင်း တရားပွဲ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာ သိမ်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ (သိရီပဝရဓမ္မာစရိယ မဟာဝိဇ္ဇာ၊ ကိုလံဘို)က သင်္ကြန်အခါသမယတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။

လှူဒါန်း

သံဃာတော် အရှင်သူမြတ်များနှင့် ယောဂီများအတွက် အလှူရှင်များမှာ ဦးအောင်စိုးဦး-ဒေါ်ချိုချိုထွန်းမိသားစု၊ ဦးမြတ်မင်း-ဒေါ်ခင်ခင်ဝင်း မိသားစု၊ ဦးဟုတ်တင်-ဒေါ်မိုးစပယ် မိသားစု၊ ဦးဖုန်းမြင့်-ဒေါ်အေးအေးဝမ် မိသားစု၊ အေးစုမွန်၊အောင်စည်ဖုန်း၊ မင်းကြည်ဖုန်း၊ ဒေါ်ရှင်မိသားစု၊ ဦးသန်းညွန့်-ဒေါ်ကျင်လေးမိသားစု၊ မောင်ထူးလှိုင်ထွန်းနှင့်မောင်နမတစ်စု၊ ဒေါ်ခင်မျိုးသွယ် မိသားစု၊ ဦးသန်းဦး-ဒေါ်မိုးသဲဖြူမိသားစု၊ ဒေါ်တင်တင်နွယ်နှင့် ညီအစ်မများ၊ ဒေါ်စိန်သန်းမိသားစုတို့က လှူဒါန်းကြမည်ဖြစ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သရေပွဲကြောင့် အာကြီးတို့ဖလားနှင့်အလှမ်းဝေး ချယ်လ်ဆီးတို့ အဝေးကွင်း၌ သုံးမှတ်အပြည့်ယူ

လန်ဒန် ဧပြီ ၅

ပရီမီယာလိဂ်ပွဲစဉ်(၃၃)ကို ဧပြီ ၅ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အာဆင်နယ်တို့ အိမ်ကွင်း၌ လီဗာပူးနှင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သဖြင့် ပရီမီယာလိဂ်ဖလား မျှော်မှန်းချက် မှေးမှိန်သွားခဲ့ရပြန်သည်။

ထင်တိုင်းမပေါက်

ယနေ့ပွဲ၌ အာဆင်နယ်အသင်း အိမ်ကွင်း၌ ခြေပေါ်အောင် မကစားနိုင်ခဲ့ချေ။ ဘင့်တနာနှင့် ဝေါကော့ဒ်တိုက်စစ်အတွဲကို ထူးထူးခြားခြား ပွဲထုတ်ခဲ့သော အာစင်ဝင်းဂါးသည် ကွင်းလယ်၌ ဂီဘာတိုဆေးလ်ဗား၊ ဖာဘရီဂတ်စ်နှင့် ဖလာမီနီတို့ ဝိုင်းရံကာ တိုက်စစ်ကိုအားဖြည့်ခဲ့သော်လည်း လီဗာပူးတို့က ကွင်းလယ်၌ ငါးဦးအထိထားကစားခဲ့သဖြင့် အာဆင်နယ်တို့ ထင်တိုင်းမပေါက် ဖြစ်ခဲ့ရသည်။



အာဆင်နယ်နှင့်လီဗာပူးတို့ပွဲတွင် အာဆင်နယ်တိုက်စစ်မှူး ဘင့်တနာ (လယ်) ဤသို့ ခေါင်းတိုက်ချေပဂိုး သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အိပ်မက်ပျက်ပြယ်

လီဗာပူးတို့က ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားခဲ့ရာ ပထမပိုင်း ပွဲချိန်၄၁မိနစ်၌ လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်က ၁၈ကိုက်အကွာမှ ညာခြေဖြင့် အနိမ့် ဘောကန်သွင်းယူလိုက်သဖြင့် လီဗာပူးတို့ အဖွင့်ဂိုးစတင်ရရှိခဲ့ရာ အိမ်ကွင်းရှုံးပွဲမရှိသည့် အာဆင်နယ်တို့ စံချိန်ယိမ်းယိုင်သွားခဲ့သလို အာစင်ဝင်းဂါး၏ ပရီမီယာလိဂ်ဖလား အိပ်မက်ပျက်ပြယ်သလိုဖြစ်သွားခဲ့ရသည်။

ကန်ချက်များလွဲချော်

ပထမပိုင်း ပွဲချိန်၌ အာဆင်နယ်တို့ ချေပဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ပွဲချိန် ၅၃ မိနစ်ရောက်မှသာ အာဆင်နယ်တိုက်စစ်မှူး ဘင့်တနာက လီဗာပူးဂိုးနှင့် ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်တို့ ဂိုးရရှိရေး ကစားအားတင်ခဲ့သော်လည်း ဖာဘရီဂတ်စ်၊ ဝေါကော့ဒ်နှင့် အဒီဘာယောတို့၏ ကန်ချက်များလွဲချော်နေမှုကြောင့် ဂိုးထပ်မသွင်းနိုင်ဘဲ တစ်ဂိုးစီသရေပွဲ ရလဒ်ကို လက်ခံခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးနှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးတိုက်စစ်မှူး ကာလူး(ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မန်စီးတီးနှင့် ချယ်လ်ဆီး

ချယ်လ်ဆီးတို့ အဝေးကွင်းဖြစ်သော်လည်း အသာစီးမှ ကစားနိုင်ခဲ့သည်။ သို့သော် အမ်ဝါရူဝါရီဦးဆောင်သော မန်စီးတီးတိုက်စစ်က ချယ်လ်ဆီးနောက်တန်းကို ထိုးဖောက်ကစားကာ အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သော်လည်း တစ်ဂိုးမျှ မသွင်းနိုင်ခဲ့ချေ။

အနယ်လ်ကာနှင့် ကာလူးတို့ဦးဆောင်သော ချယ်လ်ဆီး တိုက်စစ်မှူးများက ပွဲအစမှာပင် မန်စီးတီးဘက်သို့ ထိုးစစ်ဆင်ခဲ့ရာ ပွဲချိန်ခြောက်မိနစ်မှာပင် မန်စီးတီး နောက်ခံလူ ရစ်ချက်ဒွန်နေ အမှားကြောင့် ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလိုဖြစ်ခဲ့ပြီး ဂိုးပေးလိုက်ရသဖြင့် ချယ်လ်ဆီးတို့ အဖွင့်ဂိုးရရှိခဲ့သည်။

ချယ်လ်ဆီးတို့ ပထမပိုင်း၌ ဂိုးထပ်မံမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၅၂မိနစ်အရောက်တွင် ချယ်လ်ဆီးတိုက်စစ်မှူး ကာလူးက မန်စီးတီးဂိုးနှင့် ခြောက်ကိုက်အကွာ ပယ်နယ်တီအမှတ်အသားအနီးမှ ညာခြေဖြင့် ကန်သွင်းယူလိုက်သဖြင့် ချယ်လ်ဆီးတို့ ဒုတိယဂိုးရရှိခဲ့သည်။ မန်စီးတီးက ၆၅မိနစ်၌ အီလာဒိုအစား ဗက်ဆဲလ်၊ အိုင်ရီလန်အစား ကိုင်စီဒိုတို့ကို အစားထိုးကစားစေခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဗီလာ	၄ - ၀	ဘော်လ်တန်
ဘလက်ဘန်း	၁ - ၁	စပါး
ဖူလ်ဟမ်	၁ - ၃	ဆန်းဒါးလန်း
နယူးကာဆယ်	၃ - ၀	ရက်ဒင်း
ဝီဂန်	၂ - ၀	ဘာမင်ဂမ်။

(အင်တာနက်)

ဖောင်ပိတ်သတင်း မောင်မောင်မြင့်ဆွေ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃ လမ်း၊ အိမ်အမှတ် (၁၀၂-၁၀၄)၊
ပထမထပ်(ဝဲ)နေ
ဟာဂျီဦးစန်းနိုင်-ဟာဂျီမဒေါ်ခင်ခင်ထွေးတို့၏ သားထွေး
မောင်ရဲထွန်းနိုင်
(ဒါရိုက်တာ M.T.P ဆောက်လုပ်ရေး)
နှင့်
ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့၊ ရွာလယ်ရပ်ကွက်၊ မြို့နီစီပယ်ရုံးလမ်း၊ အမှတ် ၈၄နေ
ဦးခင်မောင်လွင်(မြေစာရင်းဦးစီးဌာန)-ဒေါ်ခင်ခင်ဝင်း(စက်မှု-၁/ဂုန်လျှော်)
တို့၏ သမီးကြီး
မခင်နှင်းဦး B.E (Civil)
(အကြီးတန်းလိုင်စင်အင်ဂျင်နီယာ M.T.P ဆောက်လုပ်ရေး)
တို့သည် ၈-၃-၂၀၀၈ရက်တွင် Summit Parkview Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့်**
မောင်ရဲထွန်းနိုင်-မခင်နှင်းဦး။

ကိုးဘွဲ့ရကျောင်းတိုက် သင်္ကြန်တရားစခန်းပွဲ

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၂ရပ်ကွက်ရှိ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ကြီးတွင် သင်္ကြန်အထူးတရားစခန်းပွဲ ဖွင့်လှစ်မည်။ ဧပြီ ၆ရက်မှ စတင်စာရင်းပေးသွင်းနိုင်ပြီး ဧပြီ ၁၂ရက် မွန်းတည့် ၁၂နာရီ အရောက်လာကြရမည်။ ဧပြီ ၁၈ရက် ညနေ ၄နာရီတရားစခန်းပြီးပါမည်။ ဝင်ကြေး၊ ဆွမ်းစရိတ် လုံးဝပေးစရာမလိုပါ။
ဆက်သွယ်စာရင်းပေးသွင်းလိုပါက-ဖုန်း-၀၉-၂၁-၃၀၈၉၅၊ ၀၉-၅၀-၅၅၈၃၈၊ ၀၉-၅၀-၅၅၁၇၆၊ ၀၉-၉၉-၇၀၄၈၆၊ ၀၁-၇၀၈၄၀၃။
အရုဏ်ဆွမ်းတစ်နပ် ကျပ်သုံးသိန်း၊ နေ့ဆွမ်းတစ်နပ် ကျပ်ငါးသိန်း၊ ညနေ ဖျော်ရည်တစ်ရက် ကျပ်တစ်သိန်းနှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။

မွေးနေ့ဆုမွန်လွှာ

သားကြီး **မောင်ရဲကျော်** 4th Year(NS)MMU
၏ ၆-၄-၂၀၀၈ရက်တွင် ကျရောက်သောနှစ်(၂၀)မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် လိုရာဆန္ဒတွေပြည့်စုံပြီး အောင်မြင်ပျော်ရွှင်သော ဘဝခရီးလမ်းမှာ ထာဝရအမြဲ လျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ - **ဦးသန်းအောင်**
မေမေ - **ဒေါ်ခင်ပြုံးချို**
ညီမလေး ပိုးအိဖြူ။

မြေကွက်ရောင်းမည်

မြောက်ဒဂုံ (၃၄)ရပ်ကွက်
ပေ၄၀ × ပေ၆၀ သင်းဝင်မှတ်တိုင်နှင့်
နာရီစင်မှတ်တိုင်ကြား
(ဘောလီတံတားအဆင်း)
ပင်လုံလမ်းမနှင့် ကပ်လျက်
ရောင်းဈေး ၁၆၅သိန်း
(ပွဲစားမလို)
ဖုန်း-၃၉၆၁၉၀။

မွေးနေ့ဆုမွန်လွှာ

ချစ်သောသမီးငယ်လေး **ဖူးပြည့်သော်(ပြည့်ပြည့်)** ၏
၆-၄-၂၀၀၈ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် လိုအင်ဆန္ဒဟူသမျှ ဘဝနှင့်တစ်ထပ်တည်း ကျပါစေ။

ချစ်သော - **ဘိုး၊ဘွား**
ဖေဖေ - **ဦးမျိုးသော်ဇင်**
မေမေ - **ဒေါ်သီတာ**
မမ - **မေဖူးသော်(ပုံပုံ)။**

Canter ရောင်းမည် ၄ခ/·····ခေါင်းကျယ်၊ 4D 35 Engine Model-96
အခွန်ကျေ သိန်း ၂၆၀။
ဖုန်း-၀၉-၈၀-၂၃၇၄၃။

ဆန်ဈေး၊ ဆီဈေးဆက်လက်တည်ငြိမ်
သားငါးနှင့်သစ်သီးဝလံများ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်

ကွင်းဆင်းစေ့ငုသူ - မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဧပြီ ၅

မကြာမီကာလအတွင်း မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သည်။ မဟာသင်္ကြန်ကာလအတွင်း ဈေးကွက်အရောင်းတွင်ကျယ်လှသော အုန်း၊ ငှက်ပျော၊ သကြားစသော ရာသီကုန်သီးနှံများနှင့် အခြေခံစားကုန်များ၏ ပကတိ အခြေအနေကို စေ့ငုတင်ပြလိုက်ရပါသည်။

သကြား

လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးတွင် သကြားတစ်ပိဿာကျပ် ၆၅၀၊ ၇၀၀၊ နို့ဆီဘူးအမျိုးမျိုး ကျပ် ၇၀၀၊ ၇၅၀၊ သာဂူစေ့တစ်ပိဿာ ကျပ် ၁၀၀၀ ဈေးဖြင့် ရောင်းချလျက်ရှိသည်။

ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးကြီးတွင် အာဂါးကျောက်ကျော တစ်ထုပ် ကျပ် ၆၅၀၊ တီအသေးကျောက်ကျော တစ်ထုပ် ကျပ် ၈၅၀နှင့် တီအကြီးကျောက်ကျောတစ်ထုပ် ကျပ် ၁၇၀၀ ဈေးရှိသည်။

အုန်းသီး၊ ငှက်ပျောသီး

ပုဇွန်တောင် ဈေးကြီးတွင် အုန်းသီးအခွံချွတ် အုန်းသီးတစ်လုံး ကျပ်၃၀၀မှ ၄၀၀၊ ဆွဲအုန်းသီးတစ်လုံး ကျပ် ၅၀၀ဈေးရှိသည်။ ယင်းဈေးကြီး၌ ငှက်ပျောသီးများလည်း ရောင်းချလျက်ရှိရာ သီးမွှေးငှက်ပျောတစ်ဖီး ကျပ် ၁၀၀၀မှ ကျပ် ၁၅၀၀အထိ ဈေးရှိပြီး ဖီးကြမ်းငှက်ပျောသီး တစ်ဖီးဈေးနှုန်းမှာ ကျပ် ၈၀၀ရှိသည်။ ရွှေငှက်ပျောသီး တစ်ဖီး ကျပ် ၁၂၀၀မှ ၁၆၀၀ အထိရှိပြီး ရခိုင်ငှက်ပျောသီး တစ်ဖီး ဈေးနှုန်းမှာ ကျပ် ၅၀၀ရှိသည်။

သင်္ကြန်ကာလအတွင်း မုန့်လုံးရေပေါ်၊ ရွှေရင်အေး စသော စတုဒိသာ ကုသိုလ်ပွဲများ ကျွေးမွေးရာတွင် အဓိကကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် ကောင်ညှင်းဆန်ဈေးမှာလည်း တစ်ပြည်ကျပ် ၈၀၀နှင့် ငချိပ်တစ်ပြည် ကျပ် ၁၄၀၀ဈေးရှိကြောင်း ပုဇွန်တောင်ဈေးမှ ဆန်ကုန်သည်တစ်ဦးက မြန်မာ့အလင်းသို့ပြောသည်။

ဆန်ဈေးနှုန်း

ဆန်ဈေးနှုန်းမှာ ဆန်ကြမ်းတစ်အိတ် ကျပ် ၁၂၅၀၀၊ ဆန်အချောပေါ်ဆန်းမွှေးတစ်အိတ် ကျပ် ၁၉၅၀၀၊ ပေါ်ကျွဲတစ်အိတ် ကျပ် ၁၇၅၀၀ဈေးရှိသည်။ ရန်ကုန်မြို့ဆန်ဈေးကွက်သို့ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသအချို့မှ တစ်နေ့ဆန်အိတ်ပေါင်း ငါးသောင်းဝန်းကျင် ဝင်ရောက်လျက် ရှိနေခြင်းကြောင့် ဆန်အတွက် ပူစရာမလိုကြောင်း၊ ယခင်နှစ် ဆန်လက်ကျန်များရှိနေခြင်းနှင့် နွေစပါး စတင်ပေါ်လာခြင်းကြောင့် ဆန်ဈေးတည်ငြိမ်နေကြောင်း မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက မကြာမီက မြန်မာ့အလင်းသို့ ပြောကြားသည်။

ကမ္ဘာ့ဆန် ဈေးကွက်တွင် ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသည် အာရှဆန်တင်ပို့ ရောင်းချသော ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယစသောနိုင်ငံများ၏ ဆန်တင်ပို့မှုအပေါ်မှီခိုနေရသော်လည်း မြန်မာနိုင်ငံ၌ ဆန်ကို ပြည်သူများဝလင်လင် စားသုံးနိုင်ရန် စိုက်ပျိုးထုတ်လုပ်နိုင်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။

သီရိမင်္ဂလာဈေး ကုန်ခြောက်အရောင်းဆိုင်၌ ရောင်းဝယ်ဖောက်ကားနေကြသည့် မြင်ကွင်း····။

စားဆီဈေးကွက်

ညောင်ပင်လေး ဈေးတွင် စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ပဲအရော ကျပ် ၃၄၀၀၊ ပဲဆီသန့် ၃၈၀၀ဈေးဖြင့် ရောင်းချလျက်ရှိသည်။ ပဲဆီဈေးကွက်တွင် အသင့် ထုပ်ပိုးမှုများဖြင့် ဈေးကွက်သို့ ကုမ္ပဏီများက အပြိုင်ထုပ်ပိုးရောင်းချလာသည်ကို တွေ့ရသည်။ Quality ပစ္စည်းအဖြစ် ထုပ်ပိုးရောင်းချလာသဖြင့် ဆီတစ်ပိဿာဈေးနှုန်းမှာ ပြန်ကျလာခြင်းမရှိဘဲ ဈေးနှုန်းတန့်နေသည်။

ထို့အပြင် မြန်မာနိုင်ငံဆီကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များ အသင်းတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်၊ ရပ်ကွက်များ၌ ဆီဆိုင်၊ ဆန်ဆိုင်များ ဖွင့်လှစ်ရောင်းချပေးနေခြင်းကြောင့် ဆန်ဈေး၊ ဆီဈေး တည်ငြိမ်နေခြင်းဖြစ်သည်။

သားငါးဈေး

သားငါးဈေးမှာ ပုဇွန်တောင်ဈေးတွင် ကြက်သားတစ်ပိဿာကျပ် ၄၀၀၀မှ ၅၀၀၀၊ ဝက်သားတစ်ပိဿာကျပ် ၃၅၀၀၊ ၄၀၀၀၊ ၅၀၀၀ ဈေးအစားစားရှိသည်။ အမဲသားဈေးမှာလည်း ကျပ် ၃၀၀၀၊ ၄၀၀၀ နှင့် ၅၀၀၀ဈေးရှိသည်။

ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးသို့ နေ့စဉ် ငါး၊ ပုစွန်မျိုးစုံပိဿာချိန် တစ်သိန်းခွဲဝန်းကျင်ဝင်ရောက်လျက်ရှိခြင်းကြောင့် ငါးဈေးကွက်တည်ငြိမ်နေသည်။ ပုဇွန်တောင်ဈေးတွင် ငါးကြင်းတစ်ပိဿာ ကျပ် ၂၅၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၈၀၀၊ ငါးသလောက် တစ်ပိဿာကျပ် ၂၀၀၀၊ ငါးရံ့တစ်ပိဿာ ကျပ် ၃၀၀၀၊ ငါးဖယ်ခြစ်တစ်ဆယ်သား ကျပ် ၅၀၀ဈေးရှိသည်။

သီရိမင်္ဂလာဈေးကြီးတွင် ပိန္နဲ၊ ဖရဲ၊ စပျစ်သီးလှိုင်လှိုင်ပေါ်လာသည်။ ဒူးရင်းသီးများ ပေါ်ဦးပေါ်ဖျားဖြစ်၍ တစ်လုံးကျပ် ၂၀၀၀မှ ၅၀၀၀အထိ ဈေးရှိသည်။ ထိုင်းမှတင်သွင်းလာသော ဒူးရင်းသီးမှာ အလုံးအဆန်ကြီးသည့်အတွက် တစ်လုံး ကျပ် ၇၀၀၀ အထိ ဈေးရှိသည်။ လိမ္မော်သီးဈေးမှာ အောင်ပန်း၊ သီပေါ လိမ္မော်များ တုံးသွားပြီဖြစ်၍ ထိုင်းမှများ လိမ္မော်သီးများ သီရိမင်္ဂလာဈေးကြီးသို့ဝင်ရောက်လာသည်။ အလုံး ၃၅၀၊ ၄၀၀ပါ ခြင်းတစ်လုံးလျှင် ကျပ် ၇၀၀၀ဈေး ရှိသည်။ တစ်ဆင့်ပြန်ရောင်းသူများက ဆယ်လုံးကျပ် ၅၀၀၊ ၆၀၀ဖြင့် ရောင်းချလျက်ရှိသည်။ ရမည်းသင်းမှ စပျစ်ချိုများ သီရိမင်္ဂလာဈေးသို့ လှိုင်လှိုင်ဝင်လာသည်။ ပိဿာချိန် လေးပိဿာခွဲ၊ ငါးပိဿာဆံ့သော ဂျပ်ဖာတစ်ပုံးလျှင် ကျပ် ၅၀၀၀ မှ ၆၅၀၀ဖြင့် ရောင်းချလျက်ရှိသည်။ တစ်ဆင့်ပြန်ရောင်းသူများက အစိတ်သား ကျပ်၅၀၀၊ ၆၀၀ဖြင့်ရောင်းချနေသည်။

ပုဇွန်တောင်ဈေးကြီးတွင်လည်း ငှက်ပျောသီးများကို လက်လီလက်ကား ဤသို့ဝယ်ယူလျက်ရှိသည်။

ကျောက်ဆည်ထွက်သခွားမွှေးများ ပေါ်စတွင် တစ်လုံးကျပ် ၁၅၀၀ ဈေးရှိသော်လည်း လှိုင်လှိုင်ပေါ်လာ၍ တစ်လုံးကျပ် ၈၀၀မှ ၁၀၀၀သာ ဈေးရှိတော့သည်။

ယခုသီတင်းပတ်တွင် ဆန်ဈေး၊ ဆီဈေးနှင့် သားငါး ဈေးနှုန်းများမှာ ပုံမှန်အနေအထား ရှိပြီး ရာသီကုန် သီးနှံများဈေးကွက်သို့ အဆက်မပြတ် ဝင်ရောက်လျက်ရှိပါကြောင်း ဈေးကွက်သတင်းအဖြစ် ကွင်းဆင်းစေ့ငု ရေးသား လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဗုဒ္ဓဂယာသို့ ဘုရားဖူးထွက်ခွာ

ရန်ကုန် ဧပြီ ၅

သီရိသုမ္မမဏိဓောတရေ ဦးမောင်လှ ဦးဆောင်၍ ရန်ကုန်မြို့ မင်္ဂလာရာမ ပါဠိတက္ကသိုလ် မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးတိုက်နှင့် ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်တို့မှ သံဃာတော်သုံးပါးနှင့် လူပုဂ္ဂိုလ် ၁၀ဦးတို့သည် ဗုဒ္ဓဂယာသို့ မတ် ၃၁ရက် နံနက် ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ (ဓါတ်ပုံ)

အဆိုပါ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့အတွက် စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၁၅၀ကို ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ၁၄လမ်း အမှတ် ၄၆နေ သီရိသုဓမ္မမဏိဇောတရေ ဦးမောင်လှနှင့် သုဓမ္မသိင်္ဂီ ဒေါ်ရွှေစိန်တို့က အကုန်အကျခံပြီး ကုသိုလ်ဖြစ် အခမဲ့ပို့ဆောင်ပေးကြောင်း သိရသည်။ (က-ပ)

အလုံမြို့နယ် ဌာနာရပ်ကွက် ဧရာဝတီလမ်း အမှတ် ၄၆နေ မိခင်ဒေါ်ကြိုင်နှင့် သမီးဒေါက်တာဥမ္မာထွန်း မိသားစုက ကြေးပြား လေးချပ်ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဗဟန်း ကိုယ့်မင်းကိုယ့်ချင်းလမ်း မင်္ဂလာတိုက်ကျောင်း ပဓာနနာယက ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် မိခင်ကြီး ဒေါ်မြင့်ကြည်အား ရည်စူး၍ ဒေါ်ဌေးဌေးရီ၊ ဒေါ်အေးအေးရီ၊ ဦးမြင့်သိန်း-ဒေါ်ထားထား၊ သမီးဟေမာန်၊ ပွင့်ဖြူ၊ သား ထက်နိုင်အောင် မိသားစုတို့က အလှူငွေကျပ် ၁၅၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေး အဖွဲ့ဝင် ဒေါက်တာဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖလမ်းမြို့ဝင်ဆိုင်းဘုတ်နှင့် မြို့သန့်ရှင်းရေးဆောင်ရွက်ရေလှောင်ကန်များမှ ရေပိုက်လိုင်းများဖြင့်ဖြန့်ဝေ

ဖလမ်း ဧပြီ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် အဖွဲ့သည် မတ် ၂၈ရက်က ဖလမ်းမြို့သို့ရောက်ရှိလာရာ ဖလမ်းမြို့ အဝင်ဆိုင်းဘုတ်နှင့် မြို့တွင်းသန့်ရှင်းရေး ဆောင်ရွက်ထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ မွန်းလွဲ ၁နာရီက ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးထလာဟရဲက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တည်ဆောက်ထားသော ဂါလန်၄၅၀၀ဆံ့ ရေလှောင်ကန် သုံးကန်မှ ရေသွယ်တန်းမှု၊ ရေပိုက်လိုင်းများဖြင့် ရေဖြန့်ဝေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ရွှေတောင် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကျွန်းတန်းရိုး-မကျီးပေါက်ကုန်း ကျောက်ချောလမ်းဖွင့်

ရွှေတောင် ဧပြီ ၂

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကျွန်းတန်းရိုး-မကျီးပေါက်ကုန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၈နာရီက သမန်းကုန်းကျေးရွာ လမ်းသစ်မုခ်ဦးရှေ့၌ကျင်းပရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင် ဦးခင်အောင်ဝင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအုန်းမောင်တို့သို့ ပေးအပ်သည်။

ဖွင့်လှစ်

ဆက်လက်၍ လမ်းသစ်ကိုမြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်အမှုဆောင်အရာရှိနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ချောမွေ့စွာ

အဆိုပါလမ်းသစ် ဖွင့်လှစ်ခဲ့သည့်အတွက် ကျေးရွာအုပ်စုနှစ်စု၊ ကျေးရွာခုနစ်ရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဘိုမြို့နယ်ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရွှေဘို မတ် ၂၂

ရွှေဘိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၄ရက် ညနေ ၃နာရီခွဲက ရန်ကြီးအောင် အားကစားကွင်း၌ ကျင်းပရာ ရပ်ကွက်(၄)က ရပ်ကွက်(၁)ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသဖြင့် တံခွန်စိုက်ဒိုင်းဆုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုံးချိုက ဆုပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီစိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့်ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည့်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော်မျိုးစေ့များအား မစိုက်မီ ၃၊ ၄ နေ့ လှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ်အချိန်မီအောင်စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ပေးအပ်လှူဒါန်း

တည်ဆောက်ဆဲ မဟာစည်ဓမ္မဗိမာန်တော်ကြီးအတွက် နှစ်ဖက်သောမိဘ နှစ်ပါးနှင့် ခင်ပွန်းဖြစ်သူ ဦးယုဆိုင်အား ရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ် ၁၅ သံတမန်လမ်းနေ မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးယောဂီစောင့်ရှောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါ်ရှုကြူနှင့် သားသမီး၊ မြေးမြစ်တစ်စုက ငွေကျပ်သိန်း၁၅၀ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်(မဟာစည် သာသနာ့ရိပ်သာ)ဥက္ကဋ္ဌဦးဝင်းထိန်ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စစ်ကိုင်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက် ဆင့်ပွားသင်တန်းဖွင့်

စစ်ကိုင်း မတ် ၁၀

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက် ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီက ဇီးချောင်းကျေးရွာအုပ်စု ပြုံကံကျေးရွာနှင့် ဖော်မွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးဇော်အောင်နှင့် ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုတို့က အမှာစကားပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်(၂) ဦးဇော်မြင့်နိုင်က စာကြည့်တိုက်ပညာ မိတ်ဆက်ဘာသာရပ်ကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမျိုးဝင်းက စာကြည့်တိုက် ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲရေးဘာသာရပ်ကိုလည်းကောင်း၊ ရပ်/သံ ကျွမ်းကျင်(၃) ဒေါ်ခင်မေအေးက စာကြည့်တိုက်လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှုနှင့် မျိုးတူစုလုပ်ငန်းဘာသာရပ်ကိုလည်းကောင်း ပို့ချကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်လူငယ်များ ဗဟုသုတရရှိရေး စာကြည့်တိုက်များသို့ ဂျာနယ်မျိုးစုံလှူဒါန်း

သာစည် ဧပြီ ၂

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ကျေးလက်လူငယ်လူရွယ်များ ဗဟုသုတရရှိရေးအတွက် ဖွင့်လှစ်ထားပြီး စာကြည့်တိုက်များ၌ ထားရှိရန် ဂျာနယ်မျိုးစုံ ၄၅စောင်ကို မတ် ၂၆ရက် နံနက်က ရွှေနဂါးမိသားစုကုမ္ပဏီ ပိုင်ရှင် ဦးဘဖုံက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ လာရောက်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က လက်ခံယူသည်။

လှူဒါန်း

အဆိုပါ ရွှေနဂါးမိသားစုကုမ္ပဏီ ပိုင်ရှင် ဦးဘဖုံသည် မတ် ၁၁ရက်က ဂျာနယ်မျိုးစုံ ၇၆စောင်ကို ကျေးလက်စာကြည့်တိုက်များတွင် ထားရှိရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ကျိုက်သုတ်ဆံတော်ရှင်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ဖေဖော်ဝါရီ ၁၅ရက်က မော်လမြိုင်မြို့ ကျိုက်သုတ်ဘုရားလမ်းနေ ဒေါ်ခင်စီ မိသားစုက ကိုးလက်မပတ်လည် တစ်ကျပ်သား ရွှေစင်ရွှေပြားတစ်ချပ် တန်ဖိုးငွေကျပ် ၄၃၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင် လက်ခံယူစဉ်။ (ဝ၁၄)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၅၄ရပ်ကွက် သဇင်လမ်း အမှတ် ၅၄၃ နေ ဦးကျော် (၁၆)နှစ်ပြည့်အား ရည်စူး၍ ဇနီး ဒေါ်ခင်သန်း၊ သမီး မဥမ္မာသန်း၊ သား မောင်ကျော်မင်းသန်း၊ မကြူကြူသန်း မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလှူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ (ကိုယ်စား)အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (က-ပ)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော သပြေကုန်း-ကညွတ်ကွင်း မြေနီကျောက်စရစ်လမ်းကို မတ် ၂၄ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (ဝ၆၄)

GIDA အမှတ်တံဆိပ် ရေခရုပန့်ထုတ်လုပ်ရေးမှ အသိပေးကြေညာချက်

GIDA စာလုံးအမှတ်တံဆိပ်ဖြင့် ရေခရုပန့်များထုတ်လုပ်၍ မြန်မာပြည်တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချရာ၊ ပန့်အရည်အသွေးကောင်းမွန်ခြင်း၊ ခိုင်ခံ့ခြင်း၊ စံချိန်စံညွှန်းပြည့်မီခြင်းတို့ကြောင့် တောင်သူလယ်သမားဦးကြီးများ ကြိုက်နှစ်သက်ပြီး ထုတ်သမျှ လက်ကျန်မရှိ ရောင်းချရလျက်ရှိပါသည်။

ယခုအခါ ၎င်းအောင်မြင်မှုကို အခွင့်ကောင်းယူပြီး မသမာသူ စီးပွားရေးသမားအချို့က **GIDA** (ဂီဒါ)အမှတ်တံဆိပ်ကဲ့သို့ပင် အသံထွက်မတိမ်းမယိမ်း တုပ၍လည်းကောင်း၊ ပန့်ပုံသဏ္ဍာန်ဆင်တူနီးပါးတုပလျက်လည်းကောင်း ထုတ်လုပ်၍ ရန်ကုန်မြို့ရှိ အရောင်းဆိုင်များနှင့်နယ်အရောင်းဆိုင်များသို့ လှည့်လည်ကြော်ငြာရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။ **GIDA** ရေခရုပန့်ထုတ်လုပ်ရေးမှ ရေခရုပန့်ကို **GIDA** အမှတ်တံဆိပ် **တစ်မျိုးတည်း**ဖြင့်သာ ထုတ်လုပ်သည့်အလျောက် ဦးကြီးများအနေဖြင့် အဝယ်မှားပါက များစွာနစ်နာမှု ရှိနိုင်ပါသည်။

သို့ပါ၍ ရေခရုပန့်ဝယ်ယူကြမည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မူလလက်ဟောင်းဖြစ်သည့် **GIDA** အမှတ်အသားတံဆိပ်ပါ ပန့်များကိုသာ **"အဝယ်-သတိ"**ဖြင့် သေချာစွာစိစစ်၍ အားပေးကြပါရန် အသိပေး ကြေညာအပ်ပါသည်။

GIDA ရေခရုပန့်ထုတ်လုပ်ရေး၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၃၇၃၆ Kenbo -110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျ မှတ်ပုံတင်အမှတ် ၈/စကန(နိုင်) ၁၃၁၄၉၃)က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး(မကွေး)။

အိမ်ခြံရောင်းမည်

အမှတ်(၂၀-ခ)ဓမ္မရာဇာ(၁) လမ်း၊၁၀ရပ်ကွက်၊ တောင်ဥက္ကလာ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း ဂရန်မြေ (ပေ၂၀× ပေ၆၀) ရေမီးအစုံ၊ အသင့်နေနိုင်။ဈေးနှုန်း သိန်း-၁၃၀။

ဖုန်း- ဝ၅၂-၅ဝ၁၁၅။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မ၏သားဖြစ်သူ မောင်ဇော်မင်းထိုက် မှတ်ပုံတင်အမှတ် ၁၂/မဂတ(ဧည့်)ဝ၀၀၂၅၈သည် မိဘများအားအကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ဆောင်ရွက်လာပါသဖြင့် မိမိဆန္ဒအတိုင်း ပြုမူလုပ်ဆောင်သွားပါ၍ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း။

(မေးမြန်းခြင်းသည်းခံပါ။)

ဦးချန်ဘီချောင် ၁၂/မဂတ(နိုင်)ဝ၇၈၇၃၇၊

ဒေါ်အမိုင်ယွန် ၁၂/မဂတ(ဧည့်)ဝ၀၀၁၈၀။

Myanmar Baking Training Center

နိုင်ငံတကာအဆင့်မီ မုန့်ဖုတ်နည်းပညာသင်တန်းနှင့် မုန့်အလှဆင်နည်းပညာ သင်တန်းကို ၂၁-၄-၂၀၀၈ရက်မှ ၅-၅-၂၀၀၈ရက်အထိ ဖွင့်လှစ်မည်။

(သင်တန်းသားများစတင်လက်ခံပြီ)

ဆက်သွယ်ရန်လိပ်စာ-

အမှတ် ၁၆၆၊ လေးထောင့်ကန်လမ်းမကြီး၊

တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။

ဖုန်း-၅၇၃၈၅၂၊ ၅၆၅၆၄၉။

အမည်ဖြည့်စွက်ခြင်း

ဦးချစ်သန်း ၅/ဟမလ(နိုင်) ဝ၀၃၂၉၁၏သမီး မခိုင်မွန်ချစ်သန်း ၁၃/ဖခန (နိုင်)ဝ၂၉၃၀၀အား မခိုင်မွန်ချစ်သန်း(ခ) မရည်မွန်ချစ်သန်းဟု ဖြည့်စွက်ခေါ်ပါရန်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ဝမ်းတွင်းမြို့နယ်တရားရုံး

၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၃၇/၂၀၀၈

ဘဏ်ခွဲမန်နေဂျာ **နှင့်** ၁။ ဦးကြည်ဝင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်နုနုရီ
ဝမ်းတွင်းမြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၆၈ တွင်ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဧပြီ ၃၀ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ လိန်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၁၄၇၃/လိန်ပင်)၊ ဦးပိုင်အမှတ်(၁၇၁/၂၀၀)၊ မြေကွက်အမှတ် (၅၇၅/၆၉၁)၊ ဧရိယာ ဝ.ဒ၁ဓ ၁၂ဧကရှိ မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော (၃၀×၃၀)ပေ သွပ်မိုး၊ တစ်ထပ်တိုက်၊ အုတ်ကာ၊ ကွန်ကရစ်ခင်းစက်ရုံ။

လေလံကြမ်းခင်းဈေး ကျပ် ၅၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးထွန်း(တ/၂၀၅၇)
တွဲဖက်မြို့နယ်တရားသူကြီး
ဝမ်းတွင်းမြို့နယ်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၁၉

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးသောင်းနိုင်
အမရပူရမြို့။ ၂။ ဒေါ်ရီရီအေး
တရားနိုင် **တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၁၅၆တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် မေ ၂၆ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

အမရပူရမြို့ မှန်တန်းရပ်ကွက် အကွက်အမှတ်(၆ဝ၃-မှန်တန်း)၊ ဦးပိုင်အမှတ်-(၄၀၈/၅၁၈)၊ မြေဧရိယာ ဝ.ဒ၁ဓ၄၄ ဧကရှိဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နံကပ်တိုက်၊ (၅၀×၃၀) ပေနှင့်(၁၂×၄၀)ပေအတွင်း ထပ်ခိုးပါနှင့် တစ်ထပ်ဂိုဒေါင် အဆောက်အအုံ(၅၀×၂၇) ပေ၊ အမြင့်(၈)ပေ သွပ်မိုး၊ အုတ်ခင်း၊ ပျဉ်ကာ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၂၀၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၁)
မန္တလေးတိုင်းတရားရုံး။

အများသိစေရန်

မြစ်ကြီးနားမြို့ ကချင်စုရပ်ကွက် အိမ်အမှတ်(၁၁၈)တွင် ကျန်းကျားပု(ခ)ဦးစိုးမြင့် ၁/မကန (ဧည့်)ဝ၀၀၇၇၃သည် မိခင်ဖြစ်သူ ဒေါ်တုံမေနှင့်အတူ နေထိုင်လျက်ရှိပြီး နော်သင်းစတား ဂေါက်ကွင်းတွင် မောရွှေလီ အမည်ဖြင့် စားသောက်ဆိုင်ကို လွန်ခဲ့သော ၁၅နှစ်မှစ၍ ယခုတိုင် ဖွင့်လှစ်ထားရှိပါသည်။

ဒေါ်တုံမေ၏ သမီးအရင်းဖြစ်သူ မရှုလန့်(ခ)ရီရီလန့်သည် အိမ်ထောင်ကျပြီး မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်တွင် အိမ်ခွဲနေထိုင်လျက် မောရွှေလီအမည်ဖြင့်ပင် စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိရာမှ မိခင်ဖြစ်သူ ဒေါ်တုံမေနှင့် အစ်ကိုဖြစ်သူ ဦးစိုးမြင့်တို့ ပိုင်ဆိုင်သော မောရွှေလီစားသောက်ဆိုင်အမည်ကို အသုံးပြုပြီး ကုန်ပစ္စည်းများ အကြွေးဝယ်ယူခြင်း၊ ငွေကြေးများ ချေးငှားခြင်း စသည်ဖြင့် မသမာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါ မရှုလန့်(ခ)ရီရီလန့်သည် မိခင်နှင့် အစ်ကိုဖြစ်သူတို့၏ အမည်ကို အသုံးပြုပြီး လိမ်လည်နေခြင်းသာဖြစ်ပါ၍ လက်ခံဆောင်ရွက် အကူအညီများမပေးကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

မိခင် ဒေါ်တုံမေနှင့် အစ်ကိုဦးစိုးမြင့်။
ကချင်စုရပ်ကွက်၊ မြစ်ကြီးနားမြို့။

ဒေါ်ကျန်းမြင်ကျူ ၁/မကန(ဧည့်)ဝ၀၀၄၃၉နှင့် ပတ်သက်စပ်ဆိုင်သူများသိစေရန်

သတိပေးတားမြစ်ချက်

မြစ်ကြီးနားမြို့ မင်းရပ် အိမ်အမှတ်(၉)နေ ဒေါ်ကျန်းမြင်ကျူ ၁/မကန(ဧည့်)ဝ၀၀၄၃၉နှင့် ပတ်သက်စပ်ဆိုင်သူများသိစေရန် ကျွန်ုပ်၏အမှုသည်များဖြစ်သော ၁။မောင်ချိုဦး ၂။မမိမိချို ၃။မချိုနိုင် ၄။မောင်ဇော်ဝင်းလတ်[၎င်းတို့၏အုပ်ထိန်းသူ မိခင်ဒေါ်ဂူယန်းလန် ၁၃/လရန(နိုင်) ဝ၆ဝ၃၇၃] တို့၏ ညွှန်ကြားချက်အရ လူကြီးမင်းအား သတိပေးတားမြစ်သည်မှာ မြစ်ကြီးနားမြို့ မင်းရပ် အိမ်အမှတ်(၉)တွင်ရှိသော ဟိုင်းလပ် အဖြူရောင်ကားနံပါတ် ၉က/၃၈၇၇ သည် ဦးအေးချို ၁/မကန(နိုင်)ဝ၁၅၂၉၂ အမည်ဖြင့် ကားလိုင်စင်ရှိပြီး ဦးအေးချိုပိုင်ခဲ့သော ကားဖြစ်သည်။ ၁၀-၈-၂၀၀၇ ရက်တွင် ဦးအေးချိုကွယ်လွန်ခဲ့သောအခါ အဆိုပါကားကို အထက်ဖော်ပြပါ ကျွန်ုပ်အမှုသည်များက အမွေဆက်ခံ ပိုင်ဆိုင်ပါသည်။ မည်သူမဆို အဆိုပါကားကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းသော်လည်းကောင်း၊ ကားလိုင်စင်အမည်ကို ပြောင်းလဲခြင်းသော်လည်းကောင်းမပြုရန် သတိပေးတားမြစ်လိုက်သည်။ အကယ်၍ တားမြစ်ချက်ကို မလိုက်နာပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းသူ(တရားရုံးချုပ်ရှေ့နေ)
B.A, Dip. Ed, H.G.P, R.L(Advocate)
အမှတ်၃၁၊ မြို့သစ်ရပ်၊ မြစ်ကြီးနားမြို့၊
ဖုန်း-ဝ၇၄-၂၃၁၂၈။

အခွန်ကျေပုံစံ(၁)ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ကက/၄၆၃၆ ကားအခွန်ကျေ ပုံစံ(၁) ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၃၇၈၀၃။**

မီးသတိပြု

နိုင်ငံတော်က ဖြည့်ဆည်းပံ့ပိုးပေးမှုများကို အကျိုးရှိစွာအသုံးချကြိုးစားလုပ်ကိုင် ဒေသဝမ်းစာဖူလုံပြီး စီးပွားရေးတောင့်တင်းခိုင်မာအောင် ဘက်စုံအားထုတ်ကြိုးပမ်း

ပညာရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာအောင်သင်ကြား

နေပြည်တော် ဧပြီ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ▼

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သတင်းဆောင်းပါး

ခရမ်း စိုးမြင့်

ဓာတ်ပုံ

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန

ရည်မှန်းချက်တာဝန် (၉) ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားပေးစနစ် (၂)

ရန်ကုန် ဧပြီ ၅

အီလက်ထရွန်နစ်ခေတ် လူနေမှုဘဝ၏ မရှိမဖြစ်အဆင့်သို့ရောက်ရှိလာသည့် အခြေခံလိုအပ်ချက်သည် လျှပ်စစ်ဓာတ်အားပင်ဖြစ်သည်။ မြို့ကြီးပြကြီးများနှင့် ကျေးလက်တောရွာများကလည်း လိုချင်သည်၊ စက်မှုဇုန်များကလည်း လိုချင်သည်။ တိုးတက်လျက်ရှိသော ခေတ်စနစ် အလှည့်အပြောင်းတွင် လူသားတို့၏ နေထိုင်မှုဘဝသည် ခုန်ကျော်ပြောင်းလဲလာလျက်ရှိနေကြသည်။ လျှပ်စစ်၏အရသာကို အားလုံးသိရှိပြီး၊ အားလုံး အချိန်တိုင်း တောင့်တနေကြပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားကွန်ရက်စနစ် ဖြစ်ပေါ်လာပုံ

မြန်မာနိုင်ငံ စီးပွားတိုးတက်ရေး (၂)နှစ် စီမံကိန်း (ဆိုရှယ်လစ်တိုဗီလာစီမံကိန်း) အရ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ပြီး ကနဦးအစတွင် နိုင်ငံပိုင်ငွေကြေးဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံက စစ်လျော်ကြေးပေးရန် ရှိလာသည့်အခါ စစ်လျော်ကြေး ရရှိငွေဖြင့် ဆက်လက်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

၁၉၅၄ ခုနှစ် ဧပြီလတွင် ကယားပြည်နယ် အထူးကလူပွဲတော်သို့ ရောက်ရှိလာသော နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦးက ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်စက်ရုံကို အုတ်မြစ်ချပေးခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် *စာမျက်နှာ ၈ ကော်လံ ၁* ◆